# ရွှေမန္တလာ နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၆၈)၊ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ၂၅–၅–၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့

# ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅–၅–၂၀၂၆ ရက်နေ့မှ ၃၁–၅–၂၀၂၆ ရက်နေ့ထိ)

❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။ ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

### ဥစားကြက်မွေးမြူခြင်းသည် စားရေရိက္ခာပေါများစေခြင်းနှင့် ဈေးနှုန်းသက်သာစွာဖြင့် အာဟာရပြည့်မီစွာ စားသုံးနိုင်စေခြင်းတို့ကို အထောက်အကူဖြစ်စေ

နေပြည်တော် မေ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမင်းနောင်၊ ဦးထိန်လင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မွေးမြူရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ရွှေမြို့ မွေးမြူရေးဇုန်**

ဦးစွာ နေပြည်တော်ကောင်စီနယ်မြေ ရွှေမြို့ မွေးမြူရေးဇုန်အတွင်းရှိ Sunlight Venture Co., Ltd. ၏ ဆိတ်မွေးမြူရေးခြံသို့ ရောက်ရှိစစ်ဆေးရာ

**စာမျက်နှာ ၃ သို့** ❑



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်ရှိ ကြက်မွေးမြူရေးခြံ၌ အသားတိုးကြက်နှင့် ဥစားကြက် မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

**ယနေ့ ဖတ်စရာအညွှန်း**


ဟားလ်စီးတီးအသင်း ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိ

စာမျက်နှာ ၁၁

သံသရာအဆက်ဆက် ကုသိုလ်သည်ကား (ဆောင်းပါး)

စာမျက်နှာ ၁၄


**အမြင့်ဆုံး နေ့အပူချိန်များ (၂၄ - ၅ - ၂၀၂၆)**

| | | |
|---|---|---|
| ချောက်မြို့ | ၄၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦးမြို့ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၃၉ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူမြို့ | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမြူမြို့ | ၃၉ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

**ယနေ့ မိုးလေဝသ (၂၅-၅-၂၀၂၆)**

နေပြည်တော်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

မေ ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။ မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္လာနေ့။
မန္တလေး

# အများအကျိုး သယ်ပိုးဆောင်ရွက်လိုသော စိတ်ဓာတ်များ လေ့ကျင့်ပျိုးထောင်ရမည်

လူသားတိုင်း လူ့အဖွဲ့အစည်းနှင့်ကင်းကွာ၍မရပေ။ လူသားတို့သည် မြို့ပြနိုင်ငံများ ထူထောင်လာသော ယနေ့ကာလအထိ လူ့အဖွဲ့အစည်း၏ အကျိုးကိုဆောင်ရွက်ရင်း တက်လှမ်းလာကြသည်။ တိုးတက်လာသော လူ့အဖွဲ့အစည်းဖြစ်လာသည်နှင့်အမျှ လူသားတိုင်းသည် အများ၏အကျိုးကိုပိုမိုကာ သယ်ပိုးခဲ့ကြသည်။ ထို့ကြောင့် "အများအကျိုးဆောင် ကိုယ့်အကျိုးအောင်"ဟူသော ဆောင်ပုဒ်ပေါ်ထွန်းလာခဲ့သည်။ ထို့ပြင် လူသားတို့သဘာဝ မိမိ၏ လုပ်ဆောင်ချက်မှာ အများအတွက် ကောင်းကျိုးလည်းဖြစ်နိုင်သည်။ ဆိုးကျိုးလည်းဖြစ်နိုင်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မိမိ၏လုပ်ဆောင်ချက်က မိမိ၏တန်ဖိုးကို ဆုံးဖြတ်ပေးလေသည်။

အကျင့်စာရိတ္တကောင်းခြင်း၊ အကျင့်စာရိတ္တမကောင်းခြင်းဆိုသည်မှာလည်း သူတစ်ပါးတို့ကလာ၍ ပေးအပ်ခြင်းမဟုတ်ဘဲ မိမိ၏ အပြုအမူကသာ အဓိကဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် တည်ရှိသော လူငယ်များအား အများ၏အကျိုးကို သယ်ပိုးဆောင်ရွက်တတ်သော လူငယ်ကောင်းများ ပေါ်ထွန်းလာစေရန် အစဉ်လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြသည်။ မည်သည့်လူ့အဖွဲ့အစည်းမဆို ကျောင်းနေစဉ်မှစ၍ အများ၏အကျိုးကို ဆောင်ရွက်တတ်သော ခေလ့စရိုက်ကောင်းများ ပေါ်ထွန်းစေရေးအတွက် ပြုစုလေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ယနေ့ကမ္ဘာတွင် သဘာဝဘေးအန္တရာယ်များ ကျရောက်လျက်ရှိသည်။ ထိုအန္တရာယ်များ ကျရောက်တိုင်း လူသားတို့၏ အများအကျိုးသယ်ပိုးလိုစိတ်သည် ပိုမိုထင်ရှားပေါ်လွင်လာခဲ့သည်။

လူငယ်၊ လူရွယ်မှစတင်ကာ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသော စိတ်ဓာတ်များ လေ့ကျင့်ပျိုးထောင်ပေးလျက် တိုင်းပြည်၏သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ နိုင်ငံ့သားကောင်းစိတ်ဓာတ်ကို အခြေတည်၍ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာစေလျက် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အများအကျိုးသယ်ပိုးလိုသော စိတ်ဓာတ်သည် နိုင်ငံသားတိုင်းထားရှိသင့်သော စိတ်ဓာတ်ဖြစ်သည်နှင့်အညီ လူတိုင်းလူတိုင်းတွင် တာဝန်ကိုယ်စီသိကြလျက် တိုင်းပြည်၏အကျိုး၊ နိုင်ငံ၏အကျိုးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ ကျောင်းများဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသားများသည် ကျောင်းတွင်းလှုပ်ရှားမှုပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အများအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့် အလေ့အကျင့်ကောင်းများရရှိမည်ဖြစ်သည်။ ထို့ပြင် ကျောင်းသားများ စုပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုဆက်ဆံရေးကျယ်ပြန့်လာပြီး စည်းကမ်းလိုက်နာတတ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိခြင်း၊ သဘောထားကြီးခြင်း၊ ပရဟိတအခြေခံစိတ်တိုးပွားခြင်း၊ ဗဟုသုတတိုးပွားခြင်း၊ အတွေးအမြင်ကျယ်ပြန့်ခြင်းစသည့် အကျိုးကျေးဇူးများ ခံစားရမည်။ ကျောင်းသားတိုင်းသည် ကျောင်း၏အကျိုး၊ အတန်းဖော်များ၏အကျိုးကို ဆောင်ရွက်လျက် ကျောင်းပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်အောင် လုပ်ဆောင်သွားရမည်။ လူသားတို့သဘာဝ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသော စိတ်ဓာတ်များ လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်သည်။ မိမိ၏လုပ်ဆောင်ချက်တိုင်း အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသည့် အလေ့အကျင့်ကောင်း၊ လူမှုဝန်ထမ်းစိတ်ဓာတ်ကောင်းကို လူတိုင်းရင်ထဲတွင် ကိန်းဝပ်နေသင့်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူအသိပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦး (စဉ့်ကိုင်တွဲ) မြို့နယ်သစ်တော ဦးစီးဌာနမှူးရုံးက ရက်(၁၀၀)စီမံချက်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ ရေချွေတာရေးနှင့် တရားမဝင်သစ်ထုတ်လုပ်မှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၇ နာရီက ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာရှိ အမက(ထန်းသုံးပင်) ကျောင်းတွင် ကျင်းပပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ (မြို့နယ်တာဝန်ခံ)တောအုပ် ဦးတင့်လွင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ သစ်တောပြုန်းတီးမှုကြောင့် ခံစားနေရသော ဆိုးကျိုးများ၊ တရားမဝင် သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးကို ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းရေး၊ ရေသယံဇာတများ ထိန်းသိမ်းရေး၏ အရေးပါမှုများကို ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် တောအုပ် ဦးကျော်မင်းက သစ်ပင်သစ်တောများဖြင့် အိမ်ခြံဝင်းနှင့် ရပ်ကွက် ကျေးရွာများ၊ လမ်းများမှသည် မြို့ပြများအထိ သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာစေရေးနှင့် သစ်ပင်ပန်းမန်များကို အင်တိုက်အားတိုက်အရှိန်အဟုန်ဖြင့် စိုက်ပျိုးကြစေလိုကြောင်း ပြောကြားပြီး တောအုပ် ဦးဆွေဦးက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိအမြင်များ၊ တောမီးကာကွယ်ရေးဆိုင်ရာ အကျိုးကျေးဇူးများ၊ မိမိတို့ကျေးရွာနှင့် ပတ်ဝန်းကျင်ကို မမျှော်လင့်သော မီးဘေးအန္တရာယ်များဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်မှုများ၊ လက်တွေ့ကြုံလာပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဟောပြောကာ ကျေးရွာသူ၊ ကျေးရွာသားများအား အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

၀-၀-၀-၀-၀

## စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးမြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်

**မိုင်းရှူး မေ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ယမန်နေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို မိုင်းရှူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၄ ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းတစ်ကျောင်းတို့မှ Grade-6 တွင် ပထဝီဝင်ဘာသာရပ်နှင့် သမိုင်းဘာသာရပ်သင်ကြားသော ဆရာ၊ ဆရာမ ၂၇ ဦးတက်ရောက်လျက်ရှိပြီး မြို့နယ်ပညာရေးမှူး ဒေါ်သက်ချို၏ ကြီးကြပ်မှုဖြင့် သင်တန်းနည်းပြသုံးဦးက မေ ၂၂ ရက်မှ ၂၆ ရက်အထိ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဘိုခရိုင်တွင် မတ်ပဲကို ယခုထက်ပိုမိုစိုက်ပျိုးရန် ကြိုးပမ်းကြရမည်

**ရွှေဘို မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင် မတ်ပဲကို ယခုထက်ပိုမိုစိုက်ပျိုးရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောသည်။

"မတ်ပဲကို အထွက်နှုန်းတိုးအောင်စိုက်ပျိုးနိုင်ရင် ဒေသတွင်း စားသုံးမှုဖူလုံစေမယ့်အပြင် ပိုလျှံတာကို ရောင်းချနိုင်တဲ့အတွက် ဝင်ငွေပိုလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မတ်ပဲကို အခုထက်ပိုမိုစိုက်ပျိုးကြဖို့ တောင်သူတွေအနေနဲ့ ကြိုးပမ်းကြရမှာဖြစ်ပါတယ်"ဟု ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောသည်။

ရွှေဘိုခရိုင်အတွင်း ယခုနှစ်တွင် မတ်ပဲ ဧက ၁၂၅၀ စိုက်ပျိုးမည်ဖြစ်ပြီး ရွှေဘိုမြို့နယ်တွင် ဧက ၁၁၀၀ ကျော်နှင့် ကျောက်မြောင်းမြို့နယ်တွင် ၁၃၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"မတ်ပဲစိုက်မယ့် ရာသီမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ၊ ပိုးမွှားကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရွှေဘိုခရိုင် မတ်ပဲစိုက်တောင်သူများကို ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှုကင်းရှင်းရန်၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရန်၊ အထွက်နှုန်းကောင်းမွန်ရန်တို့ကို စိုက်ပျိုးရေးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။ **(၃၉၄)**



## တရားမဝင်သစ်ထုတ်လုပ်မှု ပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**ပုသိမ်ကြီး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကျီကုန်းကျေးရွာ၊ မြို့နယ်သစ်တောဦးစီးဌာနရုံးရှိ ရွှေရတနာ ခမ္ဘာရုံ၌ ယနေ့နံနက် ၉ နာရီခွဲက တရားမဝင်သစ်ထုတ်လုပ်မှု ပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းထိုက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မွန်မွန်ခင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲသို့ ဒေသခံပြည်သူ ၃၅ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခေတ္တသစ်တောလုံခြုံရေး ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းထွန်း၊ မန္တလေးတိုင်းဒေသကြီး သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအုပ် ရဲဇော်မြင့်တို့က ပြည်သူများနှင့် တွေ့ဆုံ နှုတ်ဆက်စကားများပြောကြားပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောနည်း ဥပဒေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၅)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိက္ခာဖူလုံပေါများစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လို




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေမြို့မွေးမြူရေးဇုန်ရှိ နယ်မြေခံတပ်ရင်း ဝက်မွေးမြူရေးခြံ၌ အကောင်အထည်ဖော်ဆောင်ရွက်ထားမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

❑ ရွှေဖုံးမှ

လုပ်ငန်းရှင် ဦးမြတ်မင်းလတ်က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ အစာကျွေးမွေးမှုစနစ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်ကျနသည့် မွေးမြူရေးစနစ်ဖြစ်စေရေး ကနဦးဆောင်ရွက်သွားရန်လိုပြီး ထိုမှတစ်ဆင့် ခေတ်မီမွေးမြူရေးစနစ်သို့ သွားရမည်ဖြစ်ကြောင်း၊ အစာစနစ်၊ ရေစနစ်များကိုလည်း စတင်မွေးမြူစဉ်ကတည်းကပင် စနစ်တကျဖြစ်ရန်လိုပြီး ဇီဝလုံခြုံမှုအတွက်လည်း စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ သတ်မှတ်ထားသည့်ကောင်ရေပြည့်မီ

> “ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခ သက်သာစေရေးအတွက် အညစ်အကြေးအား ပြန်လည်သိုလှောင်၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲမှုစနစ် (Biogas Generator System) ကို ဆောင်ရွက်၍ရနိုင်ပြီး အစာထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နေပီယာမြက်များ၊ ဒေသတွင်းမှထွက်ရှိသည့်ပြောင်းများကို ရောစပ်အစာပြုလုပ်ခြင်း၊ ချဉ်ဖတ်လုပ်၍ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်နိုင် ”



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေမြို့မွေးမြူရေးဇုန်ရှိ ဆိတ်မွေးမြူရေးခြံ၌ ဆိတ်များမွေးမြူထားမှုနှင့် အစာကျွေးမွေးမှုစနစ်များ ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်ရှိ ဖန်ဟွန့်နို့စားနွားမွေးမြူရေးခြံ၌ နို့စားနွားနှင့် နွားသားပေါက်များ မွေးမြူထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

ရေး၊ အသားထုတ်လုပ်မှုစနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အသားထုတ်လုပ်မှုအပြင် ဆိတ်သားရေကိုလည်း ဈေးကွက်သို့ ဖြန့်ဖြူးသွားနိုင်ကြောင်း၊ မိမိတို့အား ခွင့်ပြုပေးထားသည့် မြေဧရိယာအတွင်း ဆိတ်အစာ နေပီယာမြက်များအပြင် ဆီးပင်များကိုလည်းထည့်သွင်းစိုက်ပျိုး၍ ဆီးသီးခြောက်ဖတ်များကို ကျွေးမွေးနိုင်မည်ဖြစ်ကြောင်း၊ ဆိတ်အစာမြက် စိုက်ပျိုးရာ၌ စဉ်ဆက်မပြတ်သည့် စိုက်ပျိုးထုတ်လုပ်မှုစနစ်ဖြစ်စေရေးအတွက်လည်း စနစ်တကျတွက်ချက်စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ နယ်မြေခံတပ်ရင်း၊ ဝက်မွေးမြူရေးခြံသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု၊ အသားတိုးဝက်များ ဖြန့်ဖြူးရောင်းချခဲ့မှု၊ ထွက်ရှိလာသည့် ဝက်များအား ပြင်ပဈေးနှုန်းထက် သက်သာသောနှုန်းထားဖြင့် တိုင်းစစ်ဌာနချုပ်များ အသီးသီးသို့ ရိက္ခာစို၊ အသားခြောက်၊ အသင့်စားဝက်သားဟင်းထုပ် စသည့်နည်းလမ်းများဖြင့် ဖြန့်ဖြူးပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ဝက်မျိုးများအား ပြည်ပမှ တင်သွင်းမွေးမြူခြင်းထက် မိမိကိုယ်တိုင် မျိုးထုတ်၍ တိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ စတင်မွေးမြူသည်မှစ၍ အသားထုတ်လုပ်သည်အထိ စနစ်တကျဖြစ်ရန်လိုပြီး သတ်မှတ်ထားသည့်နှုန်းထားအတိုင်း အစာကျွေးမွေးမှုရှိရန်နှင့် သတ်မှတ်ကာလအတွင်း အသားထုတ်လုပ်သွားနိုင်ရန်လိုကြောင်း၊ အောင်မြင်ပြီးဖြစ်သည့် ဝက်မွေးမြူရေးလုပ်ငန်းများ၏ လုပ်ငန်းစနစ်များကိုလည်း လေ့လာ၍ သုတေသနပြုဆောင်ရွက်သွားကြရန်လိုကြောင်း၊ မျိုးထုတ်လုပ်မှုစနစ်၊ မွေးမြူမှုစနစ်၊ အစာကျွေးမွေးမှုစနစ်၊ အသားထုတ်လုပ်မှုစနစ်တို့ကို စနစ်တကျဖြင့် စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်လိုပြီး စဉ်ဆက်မပြတ်သည့် မွေးမြူထုတ်လုပ်မှုစနစ်ဖြစ်စေရေး စနစ်တကျ စီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုထက်တိုးချဲ့မွေးမြူနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဦးတွမ်ခင်ဝင်း၏ ဖန်ဟွန့်နို့စားနွားမွေးမြူရေးခြံသို့ရောက်ရှိကြရာ လုပ်ငန်းရှင်ဦးတွမ်ခင်ဝင်းက နို့စားနွားနှင့် နွားသားပေါက် မွေးမြူထားရှိမှု၊ ဒေသထွက်ကုန်ကြမ်းများအသုံးပြု၍ တိရစ္ဆာန်အစာထုတ်လုပ်ကျွေးမွေးမှု၊ နို့ချက်စက်ရုံနှင့် ဒိန်ချဉ်စက်ရုံလည်ပတ်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နို့စားနွားမွေးမြူခြင်းပုံစံနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ မွေးမြူခြင်းပုံစံများကိုလည်း လေ့လာသွားကြရန်လိုပြီး အစာရေစာကျွေးမွေးမှုစနစ်၊ အညစ်အကြေးသိမ်းဆည်းမှုစနစ်များကိုလည်း လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် လျှပ်စစ်ဓာတ်အားခသက်သာစေရေးအတွက် အညစ်အကြေးအား ပြန်လည်သိုလှောင်၍ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးထုတ်လုပ်သုံးစွဲမှုစနစ် (Biogas Generator System)ကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ အစာထုတ်လုပ်မှုနှင့်ပတ်သက်၍လည်း နေပီယာမြက်များ၊ ဒေသတွင်းမှထွက်ရှိသည့်ပြောင်းများကို ရောစပ်အစာပြုလုပ်ခြင်း၊ ချဉ်ဖတ်လုပ်၍ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ဦးမြတ်စံ၏ ကြက်မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး အသားတိုးကြက်နှင့် ဥစားကြက်

စာမျက်နှာ ၄ သို့

*စာမျက်နှာ ၃ မှ*

မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးမြတ်စံက လိုက်လံရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လုပ်ငန်းဆောင်ရွက်မှုများအား အဆင့်ဆင့် အဆင့်မြှင့်တင်သွားရန်လိုပြီး အလိုအလျောက်အစာကျွေး၊ ရေတိုက်၊ ဥသိမ်းဆည်းခြင်းစနစ်တို့ကို ဆောင်ရွက်သွားနိုင်ကြောင်း၊ ဥစားကြက်မွေးမြူခြင်းသည် စားရေရိက္ခာပေါ်များစေခြင်းနှင့် ဈေးနှုန်းသက်သာစွာဖြင့် အာဟာရပြည့်မီစွာ စားသုံးနိုင်စေခြင်းတို့ကို အထောက်အကူဖြစ်စေကြောင်း၊ ကြက်ဥတစ်လုံးစားသုံးခြင်း၏ အစာအာဟာရရရှိမှုသည် ကြက်သား ၅ ကျပ်သား စားသုံးခြင်း၏ အာဟာရနှင့်ညီမျှသည်ဖြစ်ပြီး ကုန်ကျစရိတ်အနေဖြင့်လည်း သုံးပုံတစ်ပုံခန့် သက်သာစေကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင်ဆောင်ရွက်သွားရန်နှင့်တိုးချဲ့ ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ကြက်ခြံများအပူရှိန်သက်သာစေရေးအတွက် အမိုးနေရာတွင် အုတ်ကြွပ်များကိုလည်း ပြောင်းလဲအသုံးပြုနိုင်ကြောင်းနှင့် အခြားလိုအပ်သည်များကို အကြံပြုတိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးတင်မြိုင်၏ အသားတိုးဝက်ခြံသို့ ရောက်ရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လိုက်လံရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတက သိရှိလိုသည်များနှင့် လိုအပ်သည်များ ပြန်လည်အကြံပြုမှာကြားသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်တို့အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ဇုန်အလိုက်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ သတ်မှတ်ကောင်ရေပြည့်မီအောင် မွေးမြူနိုင်ရေး၊ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး ကြိုးကြပ်ဆောင်ရွက်လျက်ရှိမှု၊ မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်ရှိ ဝက်မွေးမြူရေးခြံ၌ အသားတိုးဝက်များ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်းသည် အသား၊ ငါးများနှင့် ဥအမျိုးမျိုးတို့အား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရန်၊ စားရေရိက္ခာဖူလုံပေါ်များစေရန် ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရန် မြေနေရာရယူထားကြသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သိပ္ပံနည်းကျခေတ်မီမွေးမြူရေးစနစ်သို့ မလျှောက်လှမ်းနိုင်မီ စနစ်ကျနသည့် မွေးမြူရေးစနစ်ကို ဦးစွာကျင့်သုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုမွေးမြူရေးလုပ်ငန်းများသည် တိရစ္ဆာန်များအား ခြံများအတွင်း လှောင်၍ မွေးမြူကြသည်ဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်သည့် အစာကျွေးမွေးမှုစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တို့ကို ဦးစွာ အကောင်အထည်ဖော်ဆောင်ကြရန်လိုကြောင်း။

မွေးမြူရေးစနစ်များတွင် လွှတ်ခြင်း၊ လှန်ခြင်း၊ လှောင်ခြင်းဟူ၍ရှိကြောင်း၊ စားကျက်များအတွင်း လွှတ်၍မွေးမြူခြင်းဖြင့် စရိတ်သက်သာကြောင်း၊ ကြိုးဖြင့်ချည်၍ လှန်ကျောင်းသည့်စနစ်ဖြင့် မွေးမြူခြင်းသည်လည်း အထိုက်အလျောက်အားဖြင့် စရိတ်သက်သာမှုရှိကြောင်း၊ လှောင်၍မွေးမြူခြင်းမှာ စရိတ်ကုန်ကျမှုရှိသော်လည်း စနစ်တကျမွေးမြူမည်ဆိုပါက အောင်မြင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကံကြီးမွေးမြူရေးဇုန်၊ ရွှေမြို့မွေးမြူရေးဇုန်၊ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်မြေနေရာများသည် တိရစ္ဆာန်အစာများ ပေါ်များစွာ ရရှိနိုင်သည်ဖြစ်သဖြင့် မွေးမြူရေးဇုန်များ သတ်မှတ်မွေးမြူစေခြင်းဖြစ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် အစာရရှိနိုင်မှု၊ ဈေးကွက်ရရှိနိုင်မှုတို့ကို ထည့်သွင်းတွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်ကျွေးမွေးခြင်းနှင့် စားသုံးမှုဖူလုံအောင် မွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ကျစေနိုင်မည်ဖြစ်ကြောင်း။

နို့စားနွားမွေးမြူခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများကို နှစ်စဉ်ပြည်ပမှ ပမာဏများစွာတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ ကုန်ကျသုံးစွဲနေကြရကြောင်း၊ မိမိတို့နိုင်ငံအတွင်း လုံလောက်မှုရှိအောင် ထုတ်လုပ်နိုင်မည်ဆိုပါက တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ဒိန်ချဉ်ကိုသာ ထုတ်လုပ်နေကြသည်ကို တွေ့မြင်ရပြီး အများစုသုံးစွဲကြသည့် နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်တို့ကို အလုံအလောက်ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အာဟာရပြည့်မီစွာနှင့် ဈေးနှုန်းသက်သာစွာ စားသုံးနိုင်ရေးအတွက် နို့နှင့် ကြက်ဥတို့ကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေနှင့် နိုင်ငံတော်အတွက် အထောက်အကူဖြစ်စေသည့် လုပ်ငန်းရပ်များဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည်ဖြစ်စေ မျိုး၊ မြေ၊ ရေ၊ နည်း တည်းဟူသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ မွေးမြူခြင်း၊ မြေကို စနစ်တကျပြုပြင်စိုက်ပျိုးသကဲ့သို့ စနစ်ကျသည့် မွေးမြူရေးစနစ်ဖြစ်အောင်ဆောင်ရွက်ခြင်း၊ ရေအပြည့်အဝရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်၊ မွေးနည်းစနစ်များ ကောင်းမွန်စေခြင်းတို့ဖြင့် လုပ်ငန်းများ အောင်မြင်စေမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များအတွင်း ကုန်ထုတ်လမ်းများ ကောင်းမွန်မှုရှိစေရေး စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မွေးမြူရေးဇုန်များအလိုက်၊ လုပ်ငန်းရပ်များအလိုက် ခြံစည်းရိုးစနစ်တကျကာရံခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ သစ်ပင်စိုက်ပျိုးခြင်းများကိုလည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ **စာမျက်နှာ ၂၄ မှ**

ပြန်လည်ပြုပြင်တည်ဆောက်ရမည့် လုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများကို မန္တလေးမြို့မှလည်းကောင်း၊ နေရပ်များသို့ ပြန်လည်ဝင်နေထိုင်သည့် ပြည်သူများသို့ ထောက်ပံ့မည့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများ ပါဝင်သည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများကို နေပြည်တော်မှလည်းကောင်း ယနေ့နံနက်ပိုင်းက တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင် ဘိလပ်မြေ ၁၀ တန်၊ အမိုးသွပ် ၁၀ တန်၊ လိုအပ်သော သွပ်ရိုက်သံ ၁၂၃ ပိဿာကျော်နှင့် ကယ်ဆယ်ထောက်ပံ့ပစ္စည်း ၃ တန်ကျော်တို့ကို ပေးပို့ခဲ့ပြီး သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ဖြန့်ခွဲထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ ဒေသ၏ လိုအပ်ချက်များအပေါ်မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇာနည်ကိုကို(ပြန်/ဆက်)**





ချင်းသောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သော ဖလမ်းမြို့၊ တီးတိန်မြို့နှင့် တွန်းဇံမြို့တို့၌ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် လိုအပ်သောတည်ဆောက်ရေးနှင့်ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်နေမှုကို တွေ့ရစဉ်။

❊ စာမျက်နှာ ၂၄ မှ

မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင် ယခင်နှစ်များကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်တွင် အောင်မြင်ပြည့်စုံစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခု ၂၀၂၆ ခုနှစ်ယောဂနေ့ အစီအစဉ်၏ဆောင်ပုဒ်မှာ"ကျန်းမာသုခ၊ ဉာဏ်ပညာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယောဂ" (Yoga for Wellness, Wisdom, and World Peace) ဖြစ်ကြောင်း သိရှိရပြီး စစ်မှန်သော ကျန်းမာသုခ၏ အဓိပ္ပာယ်မှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုသာမက စိတ်ကြည်လင်ရှင်းလင်းမှု၊ ကရုဏာစိတ်ထားဆောင်သော အပြုအမူများနှင့် လူအချင်းချင်းနှင့် နိုင်ငံများအကြား ငြိမ်းချမ်းသောဆက်ဆံရေးရှိမှုတို့လည်း အပါအဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို ယခုကဲ့သို့ နှစ်စဉ်ဆက်လက် ကျင်းပလာနိုင်ခြင်းသည် မိမိတို့နှစ်နိုင်ငံအကြား ပိုမိုရင်းနှီးနွေးထွေးသော ဆက်ဆံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အပြန်အလှန်နားလည်တန်ဖိုးထားမှု တိုးတက်လာခြင်းကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများက အိန္ဒိယနိုင်ငံသံရုံး ဆွာမိဗီဗီခန်နန်ဒါ ယဉ်ကျေးမှုစင်တာမှ ယောဂနည်းပြနှင့်အတူ ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြပြီး ဆွာမိဗီဗီခန်နန်ဒါ ယဉ်ကျေးမှုစင်တာမှ ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော် ဖူးမြော်ကြည်ညို၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ (၁၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကို အတူတကွ စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယောဂဟာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအကြား ဟန်ချက်ညီမှု၊ အတွေးအခေါ်နဲ့ အပြုအမူတို့မှာ စည်းကမ်းရှိမှု၊ တစ်ဦးတစ်ယောက်ချင်းစီနဲ့ လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မှုကို ကိုယ်စားပြုပါတယ်

**မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur**

"ကျန်းမာသုခ၊ ဉာဏ်ပညာနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ယောဂ" (Yoga for Wellness, Wisdom, and World Peace) ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကို မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ ကျင်းပသည်။

"အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် အစီအစဉ်ထဲမှာ တစ်ခုအပါအဝင်အဖြစ် ယောဂသရုပ်ပြလေ့ကျင့်ခြင်းအစီအစဉ်ကို နေပြည်တော်ရဲ့ အထင်ကရနေရာဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်မှာ ဒီနေ့ အိန္ဒိယသံရုံးအနေနဲ့ မြန်မာနိုင်ငံအစိုးရနဲ့အတူတကွ ကျင်းပခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အထူးဝမ်းမြောက်ဂုဏ်ယူမိပါတယ်" ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ပြောကြားသည်။



၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အဖွဲ့ဝင် ၁၉၃ နိုင်ငံက အဆိုထောက်ခံခဲ့ပြီး နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ပူးပေါင်းဆောင်ရွက်မည်ဟု ကတိပြုခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာယောဂနေ့ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံအစိုးရနဲ့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့ကျင်းပတဲ့အခမ်းအနားကို အထူးဧည့်သည်တော်အဖြစ် တက်ရောက်ပေးတဲ့ ဒုတိယသမ္မတ ဦးညိုစော၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့က ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတွေ၊ တာဝန်ရှိသူတွေ၊ ယောဂဝါသနာရှင်တွေကို ကျွန်တော့်အနေနဲ့ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်" ဟု အိန္ဒိယနိုင်ငံသံအမတ်ကြီးက ပြောကြားသည်။

"ယောဂရဲ့ အထူးထင်ရှားတဲ့အချက်ကတော့ ဟိန္ဒီ(Hindi)လို ယိုး(ဂ်)လို့သုံးပြီး အင်္ဂလိပ်လို ယောဂလို့အသံထွက်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ယိုး(ဂ်)လို့ အသံထွက်ပါမယ်။ သူ့ရဲ့အဓိပ္ပာယ်က စုစည်းညီညွတ်မှုဖြစ်ပါတယ်။ ယောဂဟာ ကာယလေ့ကျင့်ခန်းတစ်ခုထက် များစွာပိုမိုပါတယ်။ ယောဂဟာ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာအကြား ဟန်ချက်ညီမှု၊ အတွေးအခေါ်နဲ့အပြုအမူတို့မှာ စည်းကမ်းရှိမှု၊ တစ်ဦးတစ်ယောက်ချင်းစီနဲ့ လူ့အဖွဲ့အစည်းအကြား သဟဇာတဖြစ်မှုကို ကိုယ်စားပြုပါတယ်။ ဒီနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာယောဂနေ့မှာ အတူတကွဆင်နွှဲကြရင်း ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းကြားမှာ ဟန်ချက်ညီမှု၊ ကရုဏာတရားနဲ့ အတူယှဉ်တွဲနေထိုင်ခြင်းတို့ကို ထပ်လောင်းအတည်ပြုရင်း ယောဂရဲ့စိတ်ဓာတ်ဖြစ်တဲ့ လူသားများအကြား ညီညွတ်မှု၊ စည်းလုံးမှုနဲ့ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတွေကို ဆက်လက်လှုံ့ဆော်ပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရွှေဦး ဝဥစားသောက်ကုန်လုပ်ငန်းနှင့် MSME လုပ်ငန်းများအတွက် အောင်မြင်ရေး အလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်လှစ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ဥတ္တရသီရိမြို့နယ် ငန်းစပ်ကျေးရွာရှိ ရွှေဦး ဝဥစားသောက်ကုန်လုပ်ငန်း၏ ဝဥမှ အချိုရည်၊ ဝဥဂျယ်လီ၊ ဝဥခေါက်ဆွဲခြောက်များ ထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းဖြစ်၍ ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ် (GMP) လမ်းညွှန်ချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပညာရှင်များနှင့် MSME လုပ်ငန်းရှင်များကို ချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ်(၃၀)တွင် ဖွင့်လှစ်လျက်ရှိသည့် MSME လုပ်ငန်းများအတွက် အောင်မြင်ရေးအလေ့အကျင့်ကောင်းများကို လက်တွေ့အသုံးချနိုင်ရေး သင်တန်းဖွင့်လှစ်နေမှု၊ ဥတ္တရသီရိမြို့နယ်ရှိ Mr. Bamboo အဆင့်မြင့် တစ်ခါသုံး ဝါးတူစက်ရုံ၌ ဝါးတူများ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းဖွင့်

**ကျောက်ဆည် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အင်ဒိုင်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီ က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရက်(၁၀၀)စီမံချက်အဖြစ် နွေစပါးသီးနှံ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်း ဖွင့်လှစ်ခဲ့သည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး ကောက်ကွက်ပြည့်မီစွာစိုက်ပျိုးရေးနှင့် ဒုတိယလက်ထောက်ဦးစီးမှူးများဖြစ်ကြသည့် ဦးဖြိုးအာကာ၊ ဒေါ်စိုးသီရိမော်၊ ဒေါ်စုမေဖြိုးတို့က မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ သွင်းအားစုများ စနစ်တကျ ထည့်သွင်းရေး၊ ရိတ်သိမ်းချိန်လွန်တွင် လိုက်နာရမည့်အကြောင်းများကို သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများ၊ စပါးစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ထက်ထက်(ကျောက်ဆည်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် နှမ်းသီးနှံစစ်တမ်းကောက်ယူခြင်းနှင့် နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံပွဲများသို့ တက်ရောက်





**မန္တလေး မေ ၂၄**

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ မြေတိုင်ကန်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက နှမ်းသီးနှံစစ်တမ်းကောက်ယူခြင်းနှင့် နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံပွဲကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ နှမ်းသီးနှံစိုက် တောင်သူများနှင့် စိုက်ပျိုးရေးလုပ်ကိုင်နေသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စိုက်ပျိုးကုန်ထုတ်ကဏ္ဍ တိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်နေပါကြောင်း၊ တောင်သူများကြုံတွေ့နေရသည့် အခြေအနေများနှင့် အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးသီးနှံများအလိုက် သတ်မှတ်ထားသည့် ပန်းတိုင်အတွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း ဟန်ချက်ညီရန် လိုအပ်သည့်အပြင် ရာသီသီးနှံ အချိန်မှန်စိုက်ပျိုးရန်လည်း အရေးကြီးပါကြောင်း၊ သမားရိုးကျ စိုက်ပျိုးခြင်းထက် ခေတ်မီစိုက်ပျိုးနည်းစနစ်များကို ကျယ်ပြန့်စွာ ကျင့်သုံးသွားရန်နှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဆွေလင်းတို့က နှမ်းသီးနှံအထွက်နှုန်း ပန်းတိုင် ပြည့်မီရေးကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများ၊ စိုက်ပျိုးစရိတ်ထုတ်ချေးပေးနေမှုများ၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တို့တွင် နှမ်းအထွက်နှုန်း လျော့နည်းရခြင်းအကြောင်းရင်းနှင့်ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ နှမ်းအထွက်နှုန်းလျော့နည်းရခြင်း အကြောင်းအရင်းများ စိစစ်သုံးသပ်မည့် သုသေတနအဖွဲ့တို့ဖြင့် စိုက်ပျိုးတောင်သူများနှင့်တွေ့ဆုံ၍ စစ်တမ်းများ ကောက်ယူနေမှုများအား ရှင်းလင်းပြောကြားကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာကြသည့် တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကင်းတားလက်ဝဲမြောင်းမကြီး စမုံရေငုပ်ပြွန်ပြန်လည်ပြုပြင်နေမှုအား သွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင်ဖြစ်ပေါ်ခဲ့သည် ရာဂီမုန်တိုင်းနောက်ဆက်တွဲရေကြီးမှုဖြစ်စဉ်များကြောင့် ကင်းတား လက်ဝဲမြောင်းပေါ်ရှိ စမုံမြစ်ဖြတ်ရေငုပ်ပြွန် ထိခိုက်ပျက်စီးခဲ့ရမှု၊ ပြန်လည်ပြင်ဆင်နေဆဲကာလအတွင်း ၂၀၂၅ ခုနှစ်၊ မတ်လတွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် နေရာသစ်သို့ ထပ်မံပြောင်းရွှေ့တည်ဆောက်ခဲ့ရမှု၊ အသစ်တည်ဆောက်နေသည့် စမုံရေငုပ်ပြွန်သည် ယခင်ရေငုပ်ပြွန်ပောင်းထက် ရေသယ်အား ပိုမိုသယ်ဆောင်နိုင်မည်ဖြစ်ပြီး လုပ်ငန်းပြီးစီးပါက ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ တံတားဦးမြို့နယ်များရှိ ကင်းတားလက်ဝဲမြောင်းမကြီး ရေသောက်ဧရိယာများကို ယခင်အတိုင်း အပြည့်အဝပြန်လည်ရေပေးဝေနိုင်မည့်အပြင် နောင်တွင် တိုးချဲ့စိုက်ပျိုးနိုင်မည့် ဧရိယာများအတွက် စိုက်ပျိုးရေကို တိုးတက်ရေပေးဝေနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လိုက်လံကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ကုလစံပြကျေးရွာတွင် နှမ်းသီးနှံစိုက် တောင်သူများ၊ စိုက်ပျိုးရေးလုပ်ကိုင်နေသူများနှင့်တွေ့ဆုံ၍ သီးနှံအထွက်နှုန်း ပန်းတိုင်ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ အခက်အခဲများရှိပါက သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံတင်ပြသွားရန်၊ နှမ်းအထွက်နှုန်း လျော့နည်းရခြင်းအကြောင်းရင်းနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်၍ နှမ်းအထွက်နှုန်းလျော့နည်းရခြင်းအကြောင်းအရင်းများ စိစစ်သုံးသပ်မည့် သုသေတနအဖွဲ့တို့ဖြင့် စိုက်ပျိုးတောင်သူများနှင့် တွေ့ဆုံ၍ စစ်တမ်းများ ကောက်ယူနေမှုများကို ပြောကြားခဲ့ပြီး တောင်သူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇော်ဂျီရေသောက်စနစ်အတွင်းရှိ ငပြောင်ရေလွှဲဆည်မှ နွားတက်မြောင်းအတိုင်း စိုက်ပျိုးရေပေးဝေနေမှုနှင့် ၂၀၂၅-၂၀၂၆ ခုနှစ် နွေနှမ်းပေါင်ကြီးတင် စံပြကွက်တွင် နှမ်းသီးနှံများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။





(မန္တလေးနေ့စဉ်)

သတင်း-စာမျက်နှာ ၆



# အခြေခံပညာအလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ မြို့နယ်အဆင့်(ဆင့်ပွား) သင်တန်းဖွင့်ပွဲကျင်းပ

**ပုသိမ်ကြီး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီး မြို့နယ်၊အောင်မင်္ဂလာ(၁)ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း ပုသိမ်ကြီးရှိ အောင်ဇမ္ဗူခန်းမ ဆောင်၌ မေ ၂၂ ရက် နံနက် ၈နာရီခွဲက အခြေခံပညာ အလယ်တန်းအဆင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ မြို့နယ်အဆင့်(ဆင့်ပွား)သင်တန်းဖွင့်ပွဲကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်က သင်တန်းနှင့် ပတ်သက်သည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ သင်တန်းသား ဆရာ၊ ဆရာမ ၆၉ ဦးအား သင်တန်းကာလ ငါးရက်ကြာ သင်တန်းပို့ချပေးမည်ဖြစ်သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ခိုင်ကျော်၊ မြို့နယ်လဝကမှူး ဦးကျော်မင်းထွန်း၊ မြို့နယ်ပညာရေးမှူး၊မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စာနည်ကိုကို(ပြန်/ဆက်)**



# ချမ်းမြသာစည်မြို့နယ် လူထုအခြေပြုဖဟိုဌာန၌ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လူငယ်လူရွယ်များ စာပေဖတ်ရှုသည့် အလေ့အထ ပိုမိုထွန်းကားလာစေရန်နှင့် စာဖတ်ခြင်း၏ တန်ဖိုးကို သိရှိနားလည်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက စာဖတ်ခြင်း၏အကျိုး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခဲ့သည်။



ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်ကေသွယ်ခိုင်က စာမှန်မှန်ဖတ်ခြင်းက ဦးနှောက်စွမ်းရည်ကို တက်ကြွစေပြီး စဉ်းစားဆင်ခြင်ဉာဏ်ကို ရင့်သန်စေကြောင်း၊ သုတ၊ ရသစာပေများ ဖတ်ရှုခြင်းဖြင့် နေ့စဉ်ဘဝ၏ စိတ်ပင်ပန်းမှုများကို ပြေပျောက်စေနိုင်ကြောင်း အသိပညာပေး ဟောပြောပြီး ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ် ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အခြေခံပန်းချီရေးဆွဲခြင်းပြိုင်ပွဲများကို ကျင်းပခဲ့ရာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ခင်းကျင်းပြသထားသော ကလေးအလုပ်သမားခိုင်းစေမှု လျှော့နည်းပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) အလင်းသစ်**

## ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ)ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# လွှတ်တော်ကိုယ်စားလှယ်ဖလား U-13 ဘောလုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး မေ ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များက ကြီးမှူး၍ ယမန်နေ့ နံနက် ၇ နာရီက ၅၆လမ်း၊ ၁၂၇လမ်းနှင့် ၁၂၈လမ်းကြားရှိ ထထ-၃၆ အားကစားကွင်း၌ လွှတ်တော်ကိုယ်စားလှယ်ဖလား U-13 ဘောလုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြများက ဦးဆောင်၍ အားကစားအသင်းအဖွဲ့၏ နည်းပြများဖြင့် ဘောလုံးအားကစား အသင်းရှစ်သင်းဖြင့် ပါဝင်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ရာ အသင်းတစ်သင်းလျှင် ၁၁ ဦးနှုန်းဖြင့် ဖွဲ့စည်းထားပြီး အားကစားကွင်းအတွင်းတွင် ခုနစ်ဦးနှုန်းဖြင့် ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲကို နံနက်ပိုင်းတွင် လေးသင်းနှင့် ညနေပိုင်းတွင် လေးသင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး မေ ၂၃ ရက်မှ မေ ၂၅ ရက်အထိ ကျင်းပခဲ့ပြီး ဗိုလ်လုပွဲနေ့တွင် ဆုများ ပေးအပ်ချီးမြှင့်သွားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)**



# ကတ္တရာလမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော်လျက်ရှိ

**မန္တလေး မေ ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးနှင့် မြို့သာယာလှပရေးအတွက် ကတ္တရာလမ်းခင်းခြင်းနှင့် ရေမြောင်းများ(Precast)၊ လမ်းကာတုံးများနှင့် ပလက်ဖောင်းများ ပြုပြင်ခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ချမ်းအေးသာစံမြို့နယ်အတွင်း ၆၂(A)လမ်း၊လမ်း၃၀နှင့် ၃၁လမ်းကြား ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းကို မေ ၅ ရက်မှစတင်၍ ကျောက်ပျက်များကို Levelling ဖြည့်ခင်းခြင်းလုပ်ငန်းကိုဆောင်ရွက်ခြင်း၊ရွှေတချောင်းမြောင်း အရှေ့ဘက်လမ်း၊ ၃၁ လမ်းနှင့် ၃၅လမ်းကြား ကတ္တရာလမ်းခြင်းလုပ်ငန်းကို မေ ၅ရက်မှစတင်၍ တစ်လက်မ×နှစ်လက်မ ကျောက်စီခင်း စက်ကြိတ်ခြင်းနှင့် ကတ္တရာစေးပူကို ကျောက်ကြားထဲသို့ ၁ ဒသမ ၅ လက်မ အဝင်လောင်းပြီး ၃/၄ လက်မ× ၁/၄ လက်မ ကျောက်စေးဖြန့်ခြင်း လုပ်ငန်းဆောင်ရွက်လျက်သည်။

မဟာအောင်မြေမြို့နယ်၊၇၈ လမ်းနှင့် သိပ္ပံလမ်းကြား ပလက်ဖောင်းနှင့် လမ်းကာတုံးပြုပြင်ခြင်းလုပ်ငန်းကို မေ ၆ ရက်က စတင် ဆောင်ရွက်လျက်ရှိရာ Precast လမ်းကာတုံးများ စီခြင်းလုပ်ငန်းများကို သတ်မှတ်ပေ အရှည်များအတိုင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများကို သတ်မှတ်ထားသည့် အကျယ်ပေအတိုင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ စံချိန်စံညွှန်းမီဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန ဌာနမှူး ဦးစိုးနှင်းသိန်း၊ ဒုတိယဌာနမှူး ဒေါ်သွယ်နှင်းအောင်တို့က အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနက မြို့တော်အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ ဖောက်လုပ်ခြင်း၊ မြို့တော်သာယာလှပဖွံ့ဖြိုးရေးအတွက် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများကို ရက်(၁၀၀)စီမံချက်ဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

*- *- *- *- *



# အင်ဒိုနီးရှားနိုင်ငံ၏ အာဟာရပြည့်အစားအစာကျွေးမွေးရေးအစီအစဉ်က လူပေါင်း ၆၂ ဒသမ ၄ သန်းကျော်အထိ အကျိုးခံစားခွင့်ရှိလာ

ဂျကာတာ မေ ၂၄

အင်ဒိုနီးရှားနိုင်ငံ၏ အာဟာရပြည့်အစားအစာကျွေးမွေးရေးအစီအစဉ်သည် ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များအပါအဝင် နိုင်ငံတစ်ဝန်းရှိ လူပေါင်း ၆၂ ဒသမ ၄ သန်းကျော် အကျိုးခံစားခွင့်ရှိလာပြီဖြစ်ကြောင်း မေ ၂၃ ရက်တွင် ထုတ်ပြန်သော အစိုးရအချက်အလက်များအရ သိရသည်။

အင်ဒိုနီးရှားအစိုးရသည် အသက်ငယ်ရွယ်ချိန်မှစတင်ကာ အမျိုးသားအဆင့် အာဟာရဖွံ့ဖြိုးမှု အားကောင်းစေရန်နှင့် လူသားအရင်းအမြစ် အရည်အသွေးမြှင့်တင်နိုင်ရန် အာဟာရပြည့်အစားအစာကျွေးမွေးရေးအစီအစဉ်ကို ဆက်လက်တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသားအဆင့်အာဟာရဆိုင်ရာအေဂျင်စီက ပြောသည်။

အကျိုးခံစားခွင့်ရှိသူများအနက် ကျောင်းသားကျောင်းသူများ အများဆုံးဖြစ်ပြီး စုစုပေါင်း ၄၈ ဒသမ ၃၅ သန်းရှိကြောင်း၊ ယင်းပမာဏမှာ အင်ဒိုနီးရှားတစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူစုစုပေါင်း၏ ၇၆ ဒသမ ၁ ရာခိုင်နှုန်းအထိရှိကြောင်း အဆိုပါ အေဂျင်စီက ပြောသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်စတင်ခဲ့သော အဆိုပါအစီအစဉ်သည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ လုပ်ငန်းလည်ပတ်သော အာဟာရဆိုင်ရာ ဝန်ဆောင်မှုဌာနပေါင်း ၂၉၀၀၀ ခန့်မှတစ်ဆင့် ထမင်းအနပ်ပေါင်း ၈ ဒသမ ၃ ဘီလီယံအထိ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။



အချက်အလက်များအရ ယင်းအစီအစဉ်သည် စာသင်ကျောင်းပေါင်း ၃၇၀၀၀၀ ကျော်အထိ အကျိုးခံစားခွင့်ရှိကြောင်း၊ အစားအစာပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ဖြန့်ဝေဆောင်ရွက်ခြင်းတို့တွင် လုပ်သားပေါင်း ၁ ဒသမ ၂၈ သန်းဖြင့် လုပ်ကိုင်ဆောင်ရွက်ရကြောင်း သိရသည်။

ဆင်ဟွာ




## အိမ်ဖြူတော် လုံခြုံရေးဂိတ်တစ်ခုတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား လျှို့ဝှက်ထောက်လှမ်းရေးအေးဂျင့်များက သံသယရှိသူကို ရှင်းလင်း

ဝါရှင်တန် မေ ၂၄

အိမ်ဖြူတော်လုံခြုံရေးဂိတ်တစ်ခုတွင် သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် သံသယရှိသူတစ်ဦးသည် မေ ၂၃ ရက်ညနေပိုင်းက လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ အေးဂျင့်များနှင့် အပြန်အလှန်ပစ်ခတ်မှုအတွင်း သေဆုံးသွားခဲ့သည်ဟု တာဝန်ရှိသူများက အတည်ပြုကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

သံသယရှိသူမှာ အသက် ၂၁ နှစ်အရွယ်ရှိ နေဆိုင်းယာဘက်စ်တ်ဆိုသူဖြစ်ပြီး ၎င်းသည် အဆိုပါလုံခြုံရေးအဖွဲ့၏ မှတ်တမ်းဝင်ဖြစ်သည့်အပြင် စိတ်ကျန်းမာရေးချို့တဲ့မှုရာဇဝင်ရှိသူတစ်ဦးလည်းဖြစ်ကြောင်း စီဘီအက်စ်သတင်းဌာနက အမည်ထုတ်ဖော်ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါသေနတ်သမားကို ဖမ်းဆီးထိန်းချုပ်ရာတွင် လျင်မြန်ပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်ခဲ့ကြသည့် အရာရှိများကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး ယင်းသေနတ်သမားသည် အကြမ်းဖက်မှုရာဇဝင်ရှိသူဖြစ်ကာ နိုင်ငံ၏တန်ဖိုးအထားရဆုံး အဆောက်အအုံအပေါ် အစွဲအလမ်းကြီးနေသူတစ်ဦးဖြစ်နိုင်ကြောင်း ထရုသ်ဆိုရှယ်လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြသည်။

အိမ်ဖြူတော်သတင်းထောက်များအသင်း၏ ညစာစားပွဲတွင် သေနတ်သမားတစ်ဦးက ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် တစ်လအကြာတွင် ယခုပစ်ခတ်မှု ထပ်မံပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

Mon

## ရုရှားနိုင်ငံ မော်စကိုမြို့မှ တိုက်ရိုက်လေကြောင်းခရီးသည်များကို ဒါနန်းလေဆိပ်၌ ရိုးရာဖျော်ဖြေမှုများဖြင့် ကြိုဆို

ဟနွိုင်း မေ ၂၄

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့သည် မေ ၂၃ တွင် ရုရှားနိုင်ငံ မော်စကိုမြို့မှ တိုက်ရိုက်လေကြောင်းခရီးစဉ်တစ်ခုကို ကြိုဆိုခဲ့ပြီး ထိုခရီးစဉ်သည် နှစ်ပေါင်းများစွာကြာပြီးနောက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုကို ပြန်လည်စတင်နိုင်ခဲ့ခြင်းဖြစ်ကာ ရုရှား၊ ခနေသဟာယနိုင်ငံများအဖွဲ့နှင့် ဘီလာရုစ်နိုင်ငံတို့အကြား ကမ္ဘာလှည့်ခရီးသွားကဏ္ဍ ချိတ်ဆက်မှု ပိုမိုအားကောင်းလာခြင်းကို ပြသနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဲနက်စ်တိုးဗီယက်နမ်နှင့် ဗီယက်ဂျက်လေကြောင်းလိုင်းတို့ ပူးပေါင်းပျံသန်းခဲ့သည့် အဆိုပါလေကြောင်းခရီးစဉ်တွင် ခရီးသည် ၃၇၇ ဦး လိုက်ပါလာပြီး ဒါနန်းနိုင်ငံတကာလေဆိပ်၌ ခရီးသွားများကို ပန်းစည်းများ၊ လက်ဆောင်များနှင့် ဗီယက်နမ်ရိုးရာဖျော်ဖြေမှုများဖြင့် ကြိုဆိုခဲ့သည်။

ဈေးကွက်အသီးသီးတွင် စည်းရုံးလှုံ့ဆော်မှုများ ဆက်တိုက်လုပ်ဆောင်ခဲ့ပြီးနောက် ဒါနန်းမြို့သို့ ရုရှားနှင့် ခနေသဟာယနိုင်ငံများမှ လာရောက်လည်ပတ်သူဦးရေ သိသိသာသာ တိုးတက်လာခဲ့သည်။

၂၀၂၆ ခုနှစ်၏ ပထမဆုံးလေးလပတ်အတွင်း ဒါနန်းမြို့သို့ ရုရှားနှင့် ခနေသဟာယနိုင်ငံများမှ ခရီးသွားဦးရေ ၁၄၂၀၀၀ ကျော် လာရောက်ခဲ့ပြီး ယင်းသည် စုစုပေါင်းနိုင်ငံတကာခရီးသွားဝင်ရောက်မှု၏ ၃ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိကာ ယခင်နှစ်ကာလတူထက် ၂၀ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon









## မြောက်ကိုရီးယားနိုင်ငံမှ နေဂိုဟာရန်ဘောလုံးအသင်း အာရှအမျိုးသမီးချန်ပီယံလိဂ် ဖိုလ်လုပွဲတွင် ဖိုလ်စွဲ

ပြုံယမ်း မေ ၂၄

တောင်ကိုရီးယားနိုင်ငံအတွင်းသို့ နယ်စပ်မှ ဖြတ်ကျော်ကာ သမိုင်းမှတ်တမ်းသစ်တင်ခဲ့သည့် မြောက်ကိုရီးယားအသင်းသည် အာရှအမျိုးသမီးချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ဗိုလ်စွဲသွားပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နေဂိုဟာရန်အသင်းသည် တောင်ကိုရီးယားနိုင်ငံ ဆူဝမ်မြို့၌ ကျင်းပခဲ့သည့် ဗိုလ်လုပွဲတွင် ဂျပန်နိုင်ငံ၏ တိုကျိုဗာဒီဘီလီဇာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မြောက်ကိုရီးယားနိုင်ငံတော်အလံကို ကိုင်ဆောင်လှည့်လည်ကာ အောင်ပွဲခံခဲ့ကြသည်။

အဆိုပါ မြောက်ကိုရီးယားကလပ်အသင်းအနေဖြင့် ယင်းအောင်ပွဲကြောင့် ကမ္ဘာ့တိုက်ကြီးခြောက်တိုက်မှ ချန်ပီယံအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည့် ရှေ့နှစ် ဖီဖာအမျိုးသမီးချန်ပီယံဖလားပြိုင်ပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ Mon

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားနေ အထူးကြပ်မတ်ကုသဆောင် ခုတင်များ ပြတ်လပ်လျက်ရှိ

ဒက္ကာ မေ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ကလေးငယ်အများအပြားသေဆုံးခဲ့ပြီး ထိုရောဂါကြောင့် ဆယ်စုနှစ်များစွာအတွင်း နိုင်ငံ၏ သေဆုံးမှုအများဆုံး အခြေအနေဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒက္ကာမြို့တော်ရှိ ဆေးရုံများတွင် လူနာဦးရေများလွန်းသဖြင့် လူနာများကို လက်ခံရန် သီးသန့်လူနာဆောင်များကို တည်ဆောက်ထားသော်လည်း အထူးကြပ်မတ်ကုသဆောင်ခုတင်များ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း၌ပင် ကလေးငယ် ၁၃ ဦး ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူအရေအတွက်မှာ ဆက်လက်မြင့်တက်နေပြီး မတ် ၁၅ ရက်နောက်ပိုင်း ကျန်းမာရေးဌာန၏ ကိန်းဂဏန်းများအရ ယင်းကပ်ဘေးကြောင့် သေဆုံးသူ ထပ်မံမြင့်တက်လာနိုင်ကြောင်း သိရသည်။

Mon

## မနီလာမြို့တော်၏ မြောက်ဘက်ပိုင်းရှိ အန်ဂျလိစ်မြို့၌ ဆောက်လုပ်ဆဲ ကိုးထပ်အဆောက်အအုံ ပြိုကျမှုဖြစ်ပွား

မနီလာ မေ ၂၄

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်၏ မြောက်ဘက်ပိုင်းရှိ အန်ဂျလိစ်မြို့၌ ဆောက်လုပ်ဆဲ ကိုးထပ်အဆောက်အအုံတစ်ခု မေ ၂၄ ရက်ကပြိုကျခဲ့သဖြင့် လူပေါင်း ၃၀ မှ ၄၀ ခန့် ပိတ်မိနေနိုင်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အဆိုပါနေရာအနီးတစ်ဝိုက်ရှိ လူရှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး လုပ်ငန်းခွင်တာဝန်ခံ အပါအဝင် အခြား ၁၁ ဦးမှာမူ လွတ်မြောက်သွားခဲ့ကြောင်း အန်ဂျလိစ်မြို့သတင်းပြန်ကြားရေးအရာရှိ ဂျေးပဲလာယိုက ပြောကြားသည်။

လုပ်ငန်းခွင်တာဝန်ခံထံမှ ရရှိသော အချက်အလက်များအရ လူပေါင်း ၃၀ မှ ၄၀ ခန့် ပျောက်ဆုံးနေပြီး လက်ရှိတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

Mon

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ၂၇ ဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၄ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၈၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၂၁ ဦးအား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။



လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၄ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများအားဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၄**

ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မေ ၂၀ ရက် ညနေ ၄ နာရီခွဲက ညောင်ရွှေမြို့နယ်၊ ပွဲစားကုန်းလယ်ပြင်ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဇော်လွင်ဦး(ခ)အယ်ဇော် ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်လွင်ဦး(ခ)အယ်ဇော် (၄၄)နှစ် ဆိုသူအား ညောင်ရွှေမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရေခဲသေတ္တာသွယ်တန်းထားသည့် မီးပလပ်ခုံအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၂၄**

ရေခဲသေတ္တာ သွယ်တန်းထားသည့် မီးပလပ်ခုံ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၅ နာရီကျော်က အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N2)၊ ၁၀ လမ်းနှင့် ၁၁လမ်းကြား၊ ၈၇ လမ်းတွင် အလျားပေ ၂၀၊ အနံ ၂၅ ပေ၊ သွပ်မိုး ထံရုံကာ နှစ်ထပ်နေအိမ်၏ အိမ်ခန်းအတွင်း၌ ခြင်ထောင်ဘေးတွင်ထားရှိသော ရေခဲသေတ္တာသွယ်တန်းထားသည့် မီးပလပ်ခုံအပူလွန်ကဲရာမှ မီးခိုးများထွက်၍ မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်ဦးစီး၍ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၈၀ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ ဦး၊ မီးသတ်ယာဉ် ၂၀ စီး၊ ရေသယ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၂၀ တွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။



အဆိုပါ မီးလောင်မှုကြောင့် နေအိမ် ရှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ရပြီး မီးလောင်မှုကြောင့် မီးဘေးသင့်ပြည်သူ ကျား ၁၂ ဦး၊ မ ၁၁ ဦးတို့အား ညောင်ကွဲရပ်ကွက်၊ ၁၀ လမ်းနှင့် ၁၁ လမ်းကြား၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြား ရတနာရွှေဂူ ရန်ရှင်းမဏ္ဍာရုံတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်နေထိုင်သွားမည်ဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာ သုံးစွဲသူအား အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## လျှပ်စစ်ဝါယာကြိုးပေါက်ပြဲ၍ မီးလောင်မှုဖြစ်ပွား

**ပြင်ဦးလွင် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ထုံးဘိုကျေးရွာ၊ မန္တလေး-လားရှိုးသွားကားလမ်းဘေးရှိ လယ်ယာသုံးစက်နှင့် စက်အပိုပစ္စည်းအရောင်းဆိုင်တွင် တပ်ဆင်ထားသည့် မိန်းဘုတ်ခုံအထွက် ကြိုးပေါ်သို့ မော်တာများဖိထားရာမှ ဝါယာကြိုးပေါက်ပြဲ၍ Short Circuit ဖြစ်ကာ အနီးရှိ ချပ်ဖာများသို့ မီးကူးစက်ပြီး မီးလောင်မှု မေ ၂၂ ရက် ည ၈ နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ပြင်ဦးလွင်ခရိုင်မီးသတ်စခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးစီး၍ တပ်ဖွဲ့ဝင် ၁၄ ဦးသည် မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ ပြင်ဦးလွင်မြို့နယ်မီးသတ်စခန်းမှ ဦးစီးမှူး ဦးငြိမ်းချမ်းအောင်ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၄ ဦးသည် မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် (၃၈ပေ × ၃၆ပေ) အာရ်စီ တစ်ထပ်ခွဲ အဆောက်အအုံနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူ လယ်ယာသုံးစက်နှင့် စက်အပိုပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဦး×××× (၆၁)နှစ်ဆိုသူအား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(အောက်ပုံ) (၀၅၇)**



## မိလ္လာကန်အတွင်း၌ အောက်ဆီဂျင်ပြတ်၍ အမျိုးသားနှစ်ဦး သေဆုံး

**မြင်းခြံ မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊အမှတ်(၄)ရပ်ကွက်၊ နယ်မြေ(၂)နေ ဒေါ်--- ၏ နေအိမ် မိလ္လာကန်သစ်အတွင်းတွင် အမျိုးသား နှစ်ဦး အောက်ဆီဂျင်ပြတ်၍ သေဆုံးမှု မေ ၂၂ ရက် နံနက် ၁၁ နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦး---(၄၇)နှစ်သည် မိလ္လာကန်အဟောင်းမှ အညစ်အကြေးများကို အလျားကိုးပေ၊ အနံ ခုနစ်ပေ၊ အနက် ၁၀ပေ၊ ကျင်းအဝ တစ်ပေရှိသော မိလ္လာကန်အသစ်အတွင်းသို့ ဆင်း၍ သံတူရွင်းဖြင့် ထိုးဖောက်ရာမှ အောက်ဆီဂျင်ပြတ်၍ သတိလစ်သွားသဖြင့် ဦး--(၄၅)နှစ်ဆိုသူမှ ဆင်းကယ်ရာ နှစ်ဦးစလုံး သတိလစ် မေ့မြောခဲ့သည်။

အဆိုပါ အခင်းဖြစ်နေရာသို့ မြင်းခြံခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူနှင့် တပ်ဖွဲ့ဝင်များ၊လူမှုကူညီရေးအသင်းတို့သည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး သတိလစ်မေ့မြောသူများအား မြင်းခြံခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးခဲ့သဖြင့် ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၅၇)**



# လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် အခြေအနေများအား ပြည်သူများသို့ အသိပေးတင်ပြခြင်း

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများ လျှပ်စစ်နှင့် စွမ်းအင်ကို ကြောင့်ကြကင်းစွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် စီမံကိန်းများအနက် အချို့သည် အမျိုးမျိုးသောနှောင့်ယှက်ဟန့်တားမှု၊ ပယောဂများကြောင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိဘဲ ပြည်သူလူထုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းခန့်သာ ထုတ်လုပ်ပေးနိုင်လျက်ရှိပါသည်။

တစ်ဖက်တွင်လည်း ပြည်သူလူထု၏ သုံးစွဲလိုမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည်ဖြစ်ရာ ဝန်နှင့်အား မမျှတော့ဘဲ ရုန်းကန်နေရသည့် အခြေအနေဖြစ်ပါသည်။


လျှပ်စစ်ထုတ်လုပ်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံများတွင် ပြန်လည်အသုံးပြုရပြီး ၄ ဒသမ ၅ ရာခိုင်နှုန်းခန့်သည် ရှည်လျားစွာ သွယ်တန်းထားရသည့် မဟာဓာတ်အားလိုင်းကြီးများတစ်လျှောက် အလိုအလျောက် ဆုံးရှုံးသွားသဖြင့် သုံးစွဲသူပြည်သူများထံသို့ ရောက်ရှိချိန်တွင် ထုတ်လုပ်မှု၏ ၈ ရာခိုင်နှုန်းခန့်သည် သဘောသဘာဝအရ လျော့နည်းနေမည်ဖြစ်ပါသည်။

ထို့အပြင်အချို့သောဓာတ်အားထုတ်လုပ်မှု အရင်းအမြစ်များ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းကြီးများသည် အကြမ်းဖက်ဖျက်ဆီးခံထားရသဖြင့် အပြည့်အဝအသုံးပြုနိုင်မှု မရှိတော့သည့်အတွက် ကျန်ရှိသည့် ဓာတ်အားခွဲရုံများနှင့် မဟာဓာတ်အားလိုင်းကြီးများသည်ဝန်ပိုများထမ်းဆောင်နေကြရသည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှု ကွန်ရက်ကြီးသည် နည်းပညာဆိုင်ရာ စွန့်စားရမှုများစွာနှင့်အတူ ပြည်သူများ၏ လိုအပ်ချက်ကိုကြိုးစားဖြည့်ဆည်းနေရသည့်အခြေအနေ ဖြစ်ပါသည်။

ဖျက်ဆီးခံရမှုများကို မြန်မာ့တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအစောင့်အရှောက်နှင့် ပြည်သူများ၏ အကူအညီများရယူ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများသည် စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်များနှင့် ရာသီအချိန်မရွေး ပြင်ဆင်ပေးလျက်ရှိနေကြပါသည်။


ယင်းသို့ ပြင်ဆင်သည့်အချိန်များတွင်လည်း သွားရောက်ရာလမ်းတစ်လျှောက် မိုင်းထောင်ထားခြင်း၊ ပြင်ဆင်နေစဉ်လာရောက်နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ပြင်ဆင်ပြီးပြန်မည့်လမ်းတစ်လျှောက်တွင် မိုင်းများ ထောင်ထားခြင်းတို့ကြောင့် အချို့ဝန်ထမ်းများသေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။

ယင်းသို့ ဖြစ်ပေါ်နေသည့် အခက်အခဲများကြားမှပင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နည်းပညာဆိုင်ရာ အခက်အခဲများကို ဖြေရှင်းကျော်လွှားခြင်း၊ မသမာမှု ဆောင်ရွက်နေခြင်းများကို ဖော်ထုတ်ဖြေရှင်းခြင်းတို့ကို အလေးထားဆောင်ရွက်နေသည့်အတွက် ရေလှောင်တမံများ၏ သိုလှောင်ထားမှုအမှတ် အနိမ့်ဆုံးရောက်ရှိနေသည့် ယခုအချိန်ကာလများတွင်ပင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်လျက်ရှိပါသည်။




နိုင်ငံတော်၏ လျှပ်စစ်နှင့်စွမ်းအင်အရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများသည် နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ရှိနေသည်ဖြစ်ရာ ပြည်သူလူထုအနေဖြင့် ဝိုင်းဝန်းကူညီစောင့်ရှောက်ခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အသိပေးတင်ပြချက်များအား ဖတ်ရှု၍ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးတင်ပြအပ်ပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန





လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများက ရာသီအချိန်မရွေး လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုများကို တွေ့ရစဉ်။





ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုများကို တွေ့ရစဉ်။



ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖျက်ဆီးခံရမှုများကို တွေ့ရစဉ်။

## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန်ချက်များအရ-

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၂) မှ အဆင့် (၁) သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သောရာသီဥတု ဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလအခြေအနေမှ အနောက်တောင်မုတ်သုံ အခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁) မှ အဆင့် (၀) (ခြောက်သွေ့ရာသီကာလ ကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု
တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ပါးမား | ၁ - ၀ | ဆက်ဆူအိုလို |
| နာပိုလီ | ၁ - ၀ | အူဒီးနိစ် |

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈) အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဘရိုက်တန် | ၀ - ၃ | မန်ယူ |
| ပဲလေ့စ် | ၁ - ၂ | အာဆင်နယ် |
| ဖူလ်ဟမ် | ၂ - ၀ | နယူးကာဆယ် |
| လီဗာပူး | ၁ - ၁ | ဘရန့်ဖို့ဒ် |
| မန်စီးတီး | ၁ - ၂ | အက်စတွန်ဗီလာ |
| ဆန်းဒါးလန်း | ၂ - ၁ | ချဲလ်ဆီး |



# နိုင်ငံတကာ အားကစား သတင်းများ

## ပစ်တာမူနေ့ဇ်ကို ခေါ်ယူရန် အက်စတွန်ဗီလာအသင်းနှင့် နယူးကာဆယ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် မေ ၂၄**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အက်စတွန်ဗီလာအသင်းနှင့် နယူးကာဆယ်အသင်းတို့သည် အိုဆာဆူနာအသင်း တောင်ပံကစားသမား ဗစ်တာမူနေ့ဇ်ကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အိုဆာဆူနာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၁ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဗစ်တာမူနေ့ဇ်ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းနှင့် နယူးကာဆယ်အသင်းတို့အနေဖြင့် အိုဆာဆူနာအသင်းထံမှ ဗစ်တာမူနေ့ဇ်ကို မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။**(အောက်ပုံ)**

**(NGB)**





## ဟားလ်စီးတီးအသင်း ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိ

**လန်ဒန် မေ ၂၄**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဟားလ်စီးတီးအသင်းသည် ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့် ရရှိခဲ့ပြီဖြစ်သည်။

ဟားလ်စီးတီးအသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ် Play-Offs ဗိုလ်လုပွဲစဉ်တွင် မစ်ဒယ်ဘရော့အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။

ဟားလ်စီးတီးအသင်း ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက်အောင်ပွဲခံခဲ့ကြသည်။

အင်္ဂလိပ်ချန်ပီယံရှစ်မှ လာမည့် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ကိုဗင်ထရီ၊ အစ်ဆွစ်ချ်နှင့် ဟားလ်စီးတီးအသင်းတို့ တန်းတက်ခွင့် ရရှိခဲ့ပြီဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Ignacio Buse ဆွတ်ခူး

**ဟမ်းဘတ် မေ ၂၄**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ပီရူးတင်းနစ်ကစားသမား Ignacio Buse က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ပီရူးတင်းနစ်ကစားသမား Ignacio Buse သည် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Tommy Paul ကို ၇-၆၊ ၄-၆၊ ၆-၃ ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ Ignacio Buse က "ကျွန်တော် အခုလို 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် နိုင်ငံအတွက် ဆက်လက်ဂုဏ်ဆောင်နိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## ဆော်ဒီပရီလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဂျာအိုဖီးလစ် ဆွတ်ခူး



**လန်ဒန် မေ ၂၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဆော်ဒီပရီလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အယ်လ်နာဆာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဂျာအိုဖီးလစ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် အယ်လ်နာဆာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၇ပွဲကစားပြီး ၂၆ဂိုးအထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို ဆော်ဒီပရီလိဂ်ချန်ပီယံဆုကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုလို တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဂျာအိုဖီးလစ်က "ကျွန်တော်အခုလို တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အခုလိုဆု ရရှိတာကလည်း အသင်းဖော်တွေရဲ့ ဝိုင်းဝန်းပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းနဲ့အတူ ဆုဖလားတွေများစွာ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ဝဲပုံ) (NGB)**

## ပိုဒေါ့စကီး ဘောလုံးကစားသမားဘဝမှ အနားယူ

**လန်ဒန် မေ ၂၄**

အာဆင်နယ်အသင်းနှင့် ဂျာမနီလက်ရွေးစင်အသင်း တိုက်စစ်မှူးဟောင်း ပိုဒေါ့စကီးသည် ဘောလုံးကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် အာဆင်နယ်၊ ကိုလုံး၊ ဘိုင်ယန်မြူးနစ်၊ အန်တေယာစပေါ်၊ ဂါလာတာစာရေး၊ Górnik Zabrze စသည့် ကလပ်အသင်းများတွင်ကစားခဲ့ပြီး အောင်မြင်မှုများ ရယူနိုင်ခဲ့သလို နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဂျာမနီလက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၄မှ ၂၀၁၇အထိ ပြိုင်ပွဲ ၁၃၀ပွဲ ကစားကာ ၄၉ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။



အသက်(၄၀)နှစ်အရွယ်ရှိ ပိုဒေါ့စကီးက "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ **(ဝဲပုံ)**

**(NGB)**

## မီအိုဘက်ခ်ဟောက်စ်ကို ဖရိုင်းဘတ်အသင်း ခေါ်ယူ

**မြူးနစ် မေ ၂၄**

ဖရိုင်းဘတ်အသင်းသည် ဝါဒါဘရီမင်အသင်း ဂိုးသမား မီအိုဘက်ခ်ဟောက်စ်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဂိုးသမားသည် ဝါဒါဘရီမင်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖရိုင်းဘတ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဖရိုင်းဘတ်အသင်း၏ထုတ်ပြန်ချက်တွင် "မီအိုဘက်ခ်ဟောက်စ်ကို ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းပေါ်များစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားတွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ဝဲပုံ)**

**(NGB)**



### ဘောလုံးသတင်းအတိုအထွာများ

* အဲဗာတန်အသင်းသည် ချဲလ်ဆီးအသင်း တိုက်စစ်မှူး ဒီလပ်စ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

* စပိန်လာလီဂါ ပွဲစဉ်(၃၈) ရာသီပိတ်ပွဲစဉ်တွင် တန်းဆင်းလက်ကျန် နှစ်နေရာအတွက် ယှဉ်ပြိုင်ခဲ့ကြပြီး ဂျီရိုနာနှင့် မာယော့ကာ အသင်းတို့ တန်းဆင်းခဲ့ရသည်။ **(NGB)**



## အန်ဒရီ ဝုဖ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မေ ၂၄**

ဝုဖ်အသင်းသည် အသင်း ကွင်းလယ်ကစားသမား အန်ဒရီကို ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၄ပွဲ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အန်ဒရီက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်တော့်ရဲ့ အိမ်ပါပဲ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။**(အပေါ်ဝဲပုံ)**

**(NGB)**

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုကို ဘိုင်ယန်မြူးနစ်အသင်း ဆွတ်ခူး

**မြူးနစ် မေ ၂၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုကို ဘိုင်ယန်မြူးနစ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲစဉ်တွင် စတုဂတ်အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုကို ၂၀၂၀ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ကွန်ပနီက "အခုလို ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ အသင်းသားတွေရဲ့ ကြိုးစားမှုကြောင့်သာ ယခုလိုဆုကို ဆွတ်ခူးခဲ့တာပါ။ကျွန်တော့်အနေနဲ့လည်း နောက်ထပ်အသင်းကို ယခုလို ချန်ပီယံဆုတွေ ဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ)**

**(NGB)**



## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများတွေ့ဆုံ

**မန္တလေး မေ ၂၄**

ရက်(၁၀၀)စီမံချက်အရ ပြည်သူလူထု၏ လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကန်ကောက်ရပ်ကွက် ဝါခင်းကုန်းစေတီတော် ဝင်းရတနာဓမ္မဗိမာန်တော်တွင် မေ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည့် ချမ်းအေးသာစံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားခဲ့သည်။

ပြည်သူလူထုအများစု၏ လိုလားချက်ဖြစ်သော လျှပ်စစ်မီး အချိန်မှန်မှန်ရရှိရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ရပ်ကွက်အတွင်း ဝင်၊ ထွက်သည့်လမ်းများ ကောင်းမွန်စေရေးနှင့် မီးသတ်ကားများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေး၊ နေ့စဉ်အမှိုက်ကားပုံမှန်လာရောက်ပြီး အမှိုက်သိမ်းဆည်းပေးရန်၊ အန္တရာယ်ရှိသော လျှပ်စစ်မီးတိုင်များကို လဲလှယ်ပေးရန်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေးက ပြောကြားခဲ့သည်။

ဆက်လက်၍ "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသော ဆောင်ပုဒ်နှင့်အညီ လွှတ်တော်သို့ တင်ပြပြီး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့်လည်း အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်လိုကြောင်း၊ ရေမြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းများ မပြုလုပ်ကြရန်လိုကြောင်း၊ လျှပ်စစ်မီး အလုံအလောက် ရရှိစေရန်အတွက်လည်း စည်းကမ်းရှိရှိ သုံးစွဲကြရန်လိုကြောင်း၊ မိမိတို့ ရပ်ကွက်အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အကြမ်းဖက်မှုများ ပပျောက်ရေးတို့အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မြို့တော်စည်ပင်ပိုင် နယ်နိမိတ်ဧရိယာများပေါ်တွင် ကျူးကျော်နေထိုင်ခြင်းများ မပြုလုပ်ရန်တို့ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကိုကိုထွေးက ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များအား ပြည်သူလူထုရှေ့မှောက်တွင် ခေါ်ဆောင်လာပြီး ပြည်သူလူထု၏ တင်ပြချက်များကို လွှတ်တော်အသီးသီးသို့ တင်ပြနိုင်ရေးအတွက် ယခုကဲ့သို့ တွေ့ဆုံပွဲများကို ရပ်ကွက်အသီးသီးတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့ ပါတီအနေဖြင့်လည်း လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ပါတီကော်မတီဝင်များပါ လိုက်ပါကွင်းဆင်းဆောင်ရွက်ခြင်းသည် မိဘပြည်သူများအပေါ် ထားရှိသော ပါတီ၏ သဘောထားစေတနာအမှန်ပင်ဖြစ်ကြောင်း၊ လိုအပ်ချက် မှန်သမျှကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများက သက်ဆိုင်ရာလွှတ်တော်များကို တင်ပြပေးသွားမှာဖြစ်သလို ပါတီအနေဖြင့်လည်း အထက်ဌာနများကို တင်ပြပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ရပ်ရွာအတွက် အကျိုးရှိသည့် တင်ပြချက်များကို တင်ပြကြရန် လိုကြောင်းဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးက ပြောကြားခဲ့သည်။

၎င်းနောက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပါတီကော်မတီဝင်များသည် ပြည်သူလူထုမှ တင်ပြထားသည်များကို မြေပြင်ကွင်းဆင်း၍ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးဆန်းမောင်၊ ဘဏ္ဍာရေးမှူး ဦးမော်ကြီးနှင့် ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုမင်းနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝ၄၁)

## အောင်မြေသာစံမြို့နယ် ပညာရေးမှူးရုံးရှေ့တွင် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူ

**မန္တလေး မေ ၂၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၂၃လမ်းနှင့်၂၄လမ်းကြား၊ ၈၁လမ်း၊ ပြည်ကြီးကျက်သရေ(အရှေ့)ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးရှေ့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူပွဲကို မေ ၂၃ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာအား စိုက်ထူပြီး အမွေးနံ့သာရည်များ ပက်ဖျန်း၍ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၉၃)

*-*-*-*-*



## ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**ကဝ မေ ၂၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် သမဲ့ချောင်းကျေးရွာ၌ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ကဝမြို့နယ်၊ သမဲ့ချောင်းကျေးရွာ၌ ရွာတွင်းလမ်းအရှည်ပေ ၈၀၀၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၈ ဒသမ ၃၂ သန်း၊ စုစုပေါင်းငွေကျပ် ၅၃ ဒသမ ၃၂ သန်းဖြင့် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာ အကူအညီဖြင့် ကျေးရွာသူ၊ ရွာသားများကိုယ်တိုင် ဧပြီ ၂၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းကြောင့် ကျေးရွာအတွင်း အိမ်ခြေ ၄၂၀ ရှိ လူ ၁၈၃၄ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ) နီလာထွေး



## ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စွမ်းရည်မြှင့်တင်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး မေ ၂၄**

ကျောင်းသားလူငယ်များ အသိပညာဗဟုသုတများ တိုးပွားစေရန်၊စဉ်းစားတွေးခေါ်တတ်စေရန်၊ ဗလငါးတန်ပြည့်စုံစေရန်နှင့် အနာဂတ်ကာလတွင် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်အတွက် ရည်ရွယ်၍ စွမ်းရည်မြှင့်တင်ပြိုင်ပွဲများကို ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center)အစည်းအဝေးခန်းမ၌ မေ ၂၃ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။



စွမ်းရည်မြှင့်တင် ပြိုင်ပွဲများတွင် "စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ သချ်ာဉာဏ်စမ်းပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ ပုံဆက်ဆွဲပြိုင်ပွဲ၊ ပုံတူရွေးချယ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများ" ထည့်သွင်းကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲအသီးသီးတွင် ထူးချွန်ဆုရရှိသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အများပြည်သူများ အသိပညာဗဟုသုတ တိုးတက်စေရန် စာအုပ်၊ စာပေများ ငှားရမ်းပေးခြင်း၊ သတင်းမှန်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပေးခြင်း၊ လူငယ်ရေးရာ၊ လူငယ်စကားဝိုင်း၊ စာဖတ်ဝိုင်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

ချမ်းမြေ့မောင်(ပြန်/ဆက်)

# မိုင်းယောင်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မိုင်းယောင်း မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၈)ရပ်ကွက်တို့၌ ယမန်နေ့က တာဝန်ရှိသူများ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေတို့သည် အမှတ်(၈)ရပ်ကွက်ရှိ နောင်ခမ်းကန်၌ ပန်းခြံပြုလုပ်မည့် လျာထားနေရာအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။ (ဝဲပုံ)



ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှတ်(၃)ရပ်ကွက်၌ ဘိလိယက်လိုင်စင်လျှောက်ထားသည့်နေရာအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း**



# အိမ်တော်ရာစေတီတော်၌ မဟာပဋ္ဌာန်း ရွတ်ပတ်ပူဇော်

**မန္တလေး မေ ၂၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရံသီ အိမ်တော်ရာစေတီတော်၏ (၄၁)ကြိမ်မြောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက စေတီတော်ကြီး၏ ရတနာဃရ ၁၄ ခန်း မွှာရုံတွင် ကျင်းပရာ မိုးကောင်းတိုက် ရတနာသိင်္ဂီဒိုက်ဦးကျောင်း ဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ကြပြီး အိမ်တော်ရာစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မိုးကောင်းတိုက် ရတနာသိင်္ဂီဒိုက်ဦးကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေး ကော်မတီဝင် ဆင်တဲတားလူငယ်တိုးတက်ရေးအသင်းမှ ဦးသက်ခိုင်က နတ်ဖြဟ္မာများအား ဖိတ်ကြားကာ မိုးကောင်းတိုက် သုံးထပ် စာချကျောင်းဆရာတော် ဘဒ္ဒန္တဝိဓူရက ရောင်ခြည်ဖွင့် ဂါထာတော်ကို ဖတ်ကြားသည်။

ထို့နောက် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေး ဗဟိုကော်မတီနာယက မဟာလောကရံသီ အိမ်တော်ရာစေတီတော် ဂေါပကအဖွဲ့နာယက သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းက ပဋ္ဌာန်းပွဲကျင်းပရခြင်းနှင့် မဟာပဋ္ဌာန်းဒေသနာတော်အား ရွတ်ဖတ်ပေးတော်မူပါရန် တောင်းပန်စကား လျှောက်ထားပြီး နမောတဿ သုံးကြိမ် ရွတ်ဆို၍ အလှည့်ကျ ဘာဏက ဆရာတော်များက မဟာပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၂၂ (နယုန်လဆန်း ၇ ရက်)မှ မေ ၃၀ ရက်(နယုန်လဆန်း ၁၅ ရက်) အထိ ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။ (၀၃၂)

# ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပ

**တောင်တွင်းကြီး မေ ၂၄**

"နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"ဟူသော ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေးသီတင်းပတ် ဆောင်ပုဒ်နှင့်အညီ ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ကြားနိုင်ရေး နှိုးဆော်တိုက်တွန်းသည့်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းအပ်နှံရေးသီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၂၃ ရက် နံနက်ပိုင်းက မြို့နယ်လမ်းဆုံ၌ ကျင်းပခဲ့သည်။

ထိုသို့ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာများ စိုက်ထူရာတွင် "နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" မြေစိုက်ပိုစတာအား တောင်တွင်းကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းငွေ၊ ဆရာ၊ ဆရာမများနှင့် ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

**နောင်နောင် (ဗိသနိုးမြေ)**



# မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၊ စားသောက်ကုန်များထောက်ပံ့

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ တွေ့ဆုံပွဲကို မေ ၂၂ ရက် နံနက် ၈ နာရီက မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၂ လမ်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူးများနှင့် တပ်ဖွဲ့ဝင်များက တင်ပြသည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ခရိုင်မီးသတ်ဦးစီးမှူးတို့က မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ စကားအင်းအမြန်လမ်းနယ်မြေမီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များအား တစ်ဦးလျှင် ဆန်လေးပြည်၊ ကြက်ဥ ၁၀ လုံးတို့အားလည်းကောင်း၊ တွဲဖက်တာဝန်ထမ်းဆောင်နေသော အမှတ်စဉ် (၂၄/၂၀၂၅) သင်တန်းဆင်းလက်ထောက်မီးသတ် ဦးစီးမှူး ၁၄ ဦးအား ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ (အောက်ပုံ) (၀၄၅)




# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ်ထုတ်ချေး

**ပုသိမ်ကြီး မေ ၂၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျစေရန် ရည်ရွယ်၍ ရုံးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရုံးတောကျေးရွာ၌ ပြုလုပ်ခဲ့သည်။ (ယာပုံ)

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ရုံးတောကျေးရွာ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် သန်း ၄၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရုံးတောကျေးရွာရှိ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၄ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၁ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၉ ဒသမ ၉သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၄ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ငွေကျပ် သန်း ၄၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။ **အောင်ရဲကျော်**



# သံသရာအဆက်ဆက် ကုသိုလ်သည်ကား

အိုးဝေ(မြေနီကျင်း)



တစ်နေ့ အိမ်ရှေ့လမ်းမပေါ်မှ စည်ပင်အမှိုက်သိမ်းကား၏ ခေါင်းလောင်းသံကို ကြားလိုက်ရသည်။ ပစ်နေကျအမှိုက်များကိုစုစည်းပြီး အရောက်ပို့စဉ် ထမင်းကျန်၊ ဟင်းကျန်များကို အမှိုက်နှင့်ရော၍ ပစ်လာသူကို တွေ့လိုက်ရသည်။ စိတ်ထဲနှမြောတသဖြစ်မိသည်။ အမှိုက်သိမ်းသူတို့အဖို့တော့ အနံ့အသက်ဆိုးကြောင့် စိတ်အနှောင့်အယှက်များ ဖြစ်ကောင်းဖြစ်လိမ့်မည်။ ထိုစွန့်ပစ်စားကြွင်း၊ စားကျန်အချို့ကို အသုံးပြု၍ ဝန်းကျင်ရှိ ခွေးလေးများအား ကျွေးက တန်ဖိုးရှိလိမ့်မည်ဟု စိတ်ထဲတွေးထင်ရင်းမှုဝေရန်အကြောင်းက ဖန်လာခဲ့ပြန်သည်။ ငယ်ငယ်က အခြေခံပညာမူလတန်းဖတ်စာသင်ရိုးတွင် သာလွန်မင်းကြီးနှင့် ထမင်းရည်ငှဲ့နေသူ လုံမငယ်၏ ဖြစ်စဉ်အား ပြန်လည်၍ မြင်ယောင်မိပြန်သည်။ ထိုထက်မက ဗုဒ္ဓ၏ ဓမ္မစာပေမှ ဝတ္ထုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်အား ထပ်ဆင့်မျှဝေ ပေးလိုစိတ်လည်း တဖွားဖွားဖြစ်လာမိပါသည်။ ထိုဝတ္ထုအကြောင်းကို အရှင်ရာစိန္ဒ၊ ရဝေနွယ်(အင်းမ)မှလည်း ရေးခဲ့ဖူးပါသည်။

သို့ပါ၍ ဓမ္မစာပေအဖြစ် ဆရာတော် ရဝေနွယ်(အင်းမ)ကိုလည်း ဦးညွှတ်လျက် ဤကုသိုလ်အား ဓမ္မဒါနအဖြစ် မျှဝေပေပါရစေ။ ဘုရားရှင်လက်ထက်က သီဟိုဠ်နိုင်ငံ(ခေါ်) သိရီလင်္ကာနိုင်ငံတွင် အနုယာဒဟူ၍ မြို့လေးတစ်မြို့ရှိခဲ့ဖူးသည်။ ထိုမြို့လေးနှင့်အတူ စူဠနာဂအမည်ဖြင့် မထေရ်ကြီးတစ်ပါးလည်း ရှိခဲ့သည်။ ထိုမထေရ်ကြီးသည် ထူပါရုံစေတီအနီးရှိ ထူပါရုံကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ ထိုဘုရားသည် မြတ်စွာဘုရား၏ ညှပ်ရိုးတော်ကို ဌာပနာ၍ စေတီတည်ထားသည်ဟု မှတ်သားရသည်။ ဘုရားဒါယကာက ဘုရင်ကြီး 'ဒေဝနံပီရစိန္ဒ'ဟု မှတ်သားရသည်။တစ်နေ့သောအခါ စူဠနာဂမထေရ်ကြီးသည် ဆွမ်းဘုဉ်းပေးအပြီး သပိတ်တော်အားဆေးကြောသန့်စင်နေစဉ် မျက်စိတစ်စုံက ကျောင်းအောက်တွင် ပိန်လှီနေသော ခွေးမတစ်ကောင်ဆီသို့ ရောက်သွား၏။ ထိုခွေးမသည် အစာအတွက် အငမ်းမရဖြစ်နေချိန် မထေရ်ကြီးက မြင်တော်မူ၍ စိတ်မကောင်းဖြစ်နေရှာ၏။ ငါ့မှာ ဆွမ်းကိစ္စပြီး၍ ဆွမ်းက မကျန် ခွေးအား ကျွေးလိုစိတ်သာ ဖြစ်နေရှာ၏။ဤသို့ဖြင့် အဆုံး၌ မထေရ်ကြီးသည် မိမိပါးစပ်အတွင်း လက်ထိုးသွင်းပြီး အစာများကို အန်ချ၍ ခွေးမကို ကျွေးလေ၏။ ထိုမျှမက အိုးခြမ်းပဲ့ဖြင့် ရေကိုပါ တိုက်ကျွေးလေ၏။ ခွေးမမှာ အတော်အသင့် အဆင်ပြေသွား၏။ ထိုစဉ် မထေရ်ကြီးက ထိုသို့ပြုရင်း စိတ်မှ ဆန္ဒအတိုင်း ဆုတောင်းနေမိ၏။ မိမိ၏ ခန္ဓာကိုယ်အာဟာရအတွက် မငဲ့ကွက်ဘဲ ကျွေးမွေးလိုက်ရ၍ နိဗ္ဗာန်သို့ ရောက်ရလိုပါ၏။ 'မရောက်ခင်စပ်ကြား သံသရာဝယ် အစာရိက္ခာ ပြည့်စုံကြွယ်ဝလိုပါ၏ ဘုရား'ဟု ဆုတောင်းခဲ့လေသည်။

ဤသို့ဖြင့် မကြာလှသည့် ကာလ၊ ညနေပိုင်းတွင် အစာရေစာအတွက် ကုသိုလ်ရှင်အချို့က မထေရ်ကြီး စူဠနာဂအား ဆီဦးထောပတ်၊ တင်လဲနှင့် ပျားရည်တို့ကို အသီးသီးဆက်ကပ်လှူဒါန်းကြကုန်၏။ ထိုမျှမက ရသေ့ကြီး စူဠနာဂ၏ ထူပါရုံကျောင်းအတွက် လာရောက်ကုသိုလ်ပြုသူများမှာ တစ်နေ့တခြား များပြားလာကုန်၏။ ထိုမထေရ်ကြီးကလည်း ကျောက်စည်၊ ကျောက်မောင်းတီးလျက် ရသမျှတို့အား အညီအမျှ ပေးဝေမျှလေသည်။ ဤသို့ဖြင့် ရသမျှ ပေးဝေလှူနေသည် မထေရ်ကြီး စူဠနာဂသည် ပစ္စည်း(လေးပါး)အပေါ် ဝမ်းသာပီတိဖြစ်နေ၏။ မထေရ်ကြီးလည်း မိမိ၏ ဆုတောင်းပီတိ ပထမအလှူကို အာရုံပြုလျက် သတိ၊ ပညာဖြင့် ဆင်ခြင်ကာ ဝိပဿနာအလုပ်ကို ကျင့်ကြံအားထုတ်နေလေ၏။ ထိုမှတစ်ဆင့် အရဟတ္တတဖိုလ်ဉာဏ်ကိုရပြီး ရဟန္တာဘဝသို့ ရောက်သွားခဲ့လေ၏ဟု မှတ်သားရပါသည်။ မထေရ်ကြီး စူဠနာဂ အလှူ၏ အကျိုးပေးက ပစ္စုပ္ပန်ကာလတွင်ပင် ရပ်တန့်၍ ကုန်မသွားခဲ့ချေ။ ရောက်လေရာဘဝတိုင်းအတွက် အရိပ်လိုပင်ထပ်ကြပ်မကွာလိုက်နေပေသည်။

ဤသို့ဖြင့် ရဟန်းဘဝတွင် ငါးရာသော ရဟန်းအပေါင်းတို့က ဘုရားပွင့်ရာ မဟာဗောဓိပင်ကို ဖူးလိုကြောင်း အကြောင်းဖန်လာပြန်ပါသည်။ ရဟန်းအပေါင်းက စူဠနာဂရဟန်းကြီးထံသို့ လမ်းပြအဖြစ် ဆောင်ရွက်ပေးရန် တောင်းခံလာသဖြင့် ဆန္ဒအတိုင်း ရဟန်းကြီးက ဆောင်ကြဉ်းပေးရန် ကိစ္စကို ကတိပေးခဲ့လေသည်။ ပေးထားသည့် ကတိအတိုင်း ရဟန်းကြီးက ရှေ့မှဦးဆောင်၍ လမ်းပြခဲ့သည်။ စူဠနာဂသည် မထေရ်ကြီးဘဝတွင် ဆုတောင်းခဲ့သည့်အတိုင်း ရဟန်းဘဝတွင်လည်း လမ်းခရီး၌ ပစ္စည်းလေးပါး လောင်းလှူသူပုဂ္ဂိုလ်များ ပေါများ၍ ရဟန်းငါးရာတို့အတွက် စိတ်ချမ်းမြေ့ဖွယ်ဖြစ်ခဲ့ရ၏။ ဤသို့ဖြင့် မဟာဗောဓိပင်ရှိရာ အရပ်သို့ ရောက်ခဲ့ကြကုန်၏။ နောက်ဆုံးတွင် ငါးရာသော ရဟန်းအပေါင်းတို့က စူဠနာဂရဟန်းကြီးအား ကျေးဇူးတော်တင်ကြ၏။ သို့သော် လမ်းခရီးအပြန်၌ ရဟန်းကြီးသည် ရုတ်တရက် လေနာရောဂါ ဆိုက်ရောက်ပြီး ရောဂါစွဲကပ်ခံခဲ့ရသည်။ နောက်ပိုင်း ကျန်းမာရေးဖောက်လာသဖြင့် ရဟန်းအပေါင်းက စိတ်သောကရောက်ကြရကုန်၏။

စိတ်တွင်လည်း အပြန်ခရီးအတွက် စားရေရိက္ခာပူပန်ကြရ၏။ ထိုစဉ်ရဟန်းကြီး စူဠနာဂက ထိုအကြောင်းကြားသိရပြီး ရဟန်းအပေါင်းတို့အား စကားတစ်ခွန်းမျှသာ ဆိုလေ၏။ ရဟန်းအပေါင်းတို့ ခရီးလမ်းအတွက် မစိုးရိမ် မကြောင့်ကြပါနဲ့၊ ငါ့ခန္ဓာအား မီးသဂြိုဟ်၍ ကျလာသည့် ဓာတ်တော်တို့အား အသင်တို့၏ သပိတ်(သို့မဟုတ်) ရေစစ်တော်တွင်ထည့်၍ ကြွပါက စားရေရိက္ခာပြည့်စုံပါလိမ့်မည်'ဟု ဆို၏။ ထို့နောက် ရဟန်းအပေါင်းတို့ကလည်း စူဠနာဂ၏ ရုပ်ကလာပ်တော်အား ကောင်းမွန်စွာ သဂြိုဟ်ကြကုန်၏ဟု မှတ်သားရပါသည်။ ဤသို့ဖြင့် စူဠနာဂရဟန်းကြီးမှာသည့်အတိုင်း ရဟန်းငါးရာတို့က ဦးဆောင်ရဟန်း၏ သပိတ်တော်ထဲတွင်ထည့်လျက် အပြန်ခရီးစကြ၏။ ထိုအချိန်အပြန်ခရီး၌ စားနပ်ရိက္ခာပြည့်စုံဖူလုံကြရ၍ တစ်ဖန် ရဟန်းကြီးအား ကျေးဇူးတော်တင်ကြရပြန်ကုန်၏။ ဤဓမ္မစာပေဝတ္ထုမှ မထေရ်ကြီး စူဠနာဂဆုတောင်း၏ ဒါနအလှူအကျိုးကား မပြောပလောက်သည့် ဒါနအလှူလေးသာ ဖြစ်ပါသည်။

စိတ်ကောင်းစေတနာကောင်းဖြင့် လူထက်နိမ့်သည့် တိရစ္ဆာန်များအား ကျွေးမွေးလှူဒါန်းကြရသည့် ကုသိုလ်အကျိုးကား ဘဝတစ်ခုတည်းအတွက် မပြီးဆုံးခဲ့ပါ။ စူဠနာဂ မထေရ်ကြီးကိုယ်တော်တိုင် မထေရ်ကြီးဘဝ၊ ရဟန်းဘဝ၊ တမလွန်ဘဝအထိ အကျိုးက ဆက်နေတော်မူခဲ့ပါသည်။ သို့ပါ၍ ဗုဒ္ဓဘာသာ သာကီနွယ်ဝင်များသာမက အခြားဘာသာဝင်များပါ ဤအကျိုးအတွက် နှလုံးသွင်းလျက် ဖြည့်ဆည်းကြကများစွာ အကျိုးထူးကို ရရှိစေပါသည်။ ဤဓမ္မဝတ္ထုပါ မထေရ်ကြီး စူဠနာဂ၏ ခွေးမလေးအား ကျွေးမွေးထောက်ရှုပုံကိုကြည့်ပြီး ရောက်လေရာဘဝအဆက်ဆက်တွင် အကျိုးတရားများ ဆက်လက်ပွားများနိုင်ကြပါစေလို့ ရေးသားပူဇော်ရင်း **'သူတို့အား ကြင်နာပါ၊ သူတို့အား ကျွေးမွေးကြပါလို့'** မေတ္တာတော်နှင်းအပ်လိုက်ရပါသည်။ **(သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ = သာသနာပြုလုပ်ငန်းသည် အကြီးဆုံးကုသိုလ်ကိုးကား။**

။ ဗုဒ္ဓ၏ ဓမ္မစာပေနှင့် ရဝေနွယ်(အင်းမ)၏ဝတ္ထုတိုဇာတ်မှသည်

## ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ကျောင်းအပ်နှံရေးသီတင်းပတ် အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊အမရပူရမြို့နယ်၊ စစ်ကိုင်း-မန္တလေး လမ်းမပေါ် အိုးတော်ရပ်ကွက် သံလမ်းဆုံတွင် ယမန်နေ့နံနက် ၈ နာရီက 'နိုင်ငံတော်စဉ်ဆက် မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့' စာတန်းပါ ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ကျောင်းအပ်နှံရေးသီတင်းပတ်အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်အောင်ထက်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်စောမြိုင်၊ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့်အဖွဲ့ဝင်များ၊ အမရပူရမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ဆက်လက်၍ ကျောင်းအပ်နှံရေးသီတင်းပတ်၂၀၁၆ ခုနှစ်၊ မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ အသိပေးသည့် လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ လက်ကမ်းစာစောင်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် 'နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့' အသိပေးကြေညာချက်၊ 'ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေမြဲဖို့ မိဘပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့'၊ အခမဲ့ဖြန့်ဝေမည့်ပစ္စည်းများနှင့် မိဘအုပ်ထိန်းသူ ပြည်သူများသို့ မေတ္တာရပ်ခံချက် စသည့် အချက်များပါဝင်သည့် ၂၀၁၆ ခုနှစ် ကျောင်းအပ်နှံရေး သီတင်းပတ် အသိပေးလက်ကမ်းစာစောင်များကို ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။



**(အောက်ပုံ)**

**စိုးသီဟ(အမရ)**

## တိုင်းရင်းဆေးပညာအကြောင်း အသိပညာပေးဆွေးနွေးပွဲ ( Talk Show)ကျင်းပ




**ကန့်ဘလူ မေ ၂၄**

ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့ပူးပေါင်း၍ သိမှတ်ဖွယ်ရာတိုင်းရင်းဆေးပညာအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ (Talk Show)တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်ဦးစီးမှူး ဦးမိုးနိုင်တို့က မြန်မာ့တိုင်းရင်းဆေးပညာရပ်သည် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိဖြစ်ထွန်းခဲ့ပြီး ယနေ့တိုင်အောင် ဘိုးဘွားအမွေအနှစ် အမျိုးသားဆေးပညာရပ်အနေဖြင့် အားကိုးအားထားပြုနေဆဲဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒနယ၊ ဝိဇ္ဇာဓရနယဟူသော နယကြီးလေးပါးအနက် တစ်ပါးနဲ့အကျုံးဝင်သော အသက်ရှည်ရာအနာမဲ့ကြောင်း ဆေးပညာရပ်ကိုဆိုလိုကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုင်းရင်းဆေးပညာဟူသည့် ဝေါဟာရနှင့်ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုသည်မှာ ရောဂါကာကွယ်ရန်၊ ရောဂါရှာဖွေရန်နှင့် ကုသမှုပြုရန်ကဲ့သို့သော ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် ကွဲပြားခြားနားသော နည်းစနစ်များ၊ ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများ၊ အသိပညာနှင့်ယုံကြည်မှုများကို အခြေခံ၍ အပင်ထွက်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ(သို့မဟုတ်) တွင်းထွက်သတ္တုများကို အခြေပြုဖော်စပ်ထားသည့်ဆေးများ၊ စိတ်ဉာဏ်ဆိုင်ရာ ကုထုံးများ၊ လက်နှိပ်ကုထုံးနှင့် လေ့ကျင့်ခန်းဆိုင်ရာများကို သီးသန့်(သို့မဟုတ်) စုပေါင်းဆောင်ရွက်သည့် နည်းစနစ်များပါဝင်သော ပညာရပ်ဟု ဖွင့်ဆိုထားကြောင်းနှင့် ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း၊ ပြည်သူများအနေဖြင့် တိုင်းရင်းဆေးဝါးများဝယ်ယူသုံးစွဲရာတွင် သိမှတ်လိုက်နာရမည့်အကြောင်းများ စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## (စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး) ဘာသာရပ်ဆိုင်ရာသင်တန်းဖွင့်



**မန္တလေး မေ ၂၄**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီးအဆင့် အခြေခံပညာအလယ်တန်းအဆင့် (စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး)ဘာသာရပ်ဆိုင်ရာသင်တန်းဖွင့်ပွဲကို မဟာအောင်မြေမြို့နယ် အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၂ ရက်က ဖွင့်လှစ်ခဲ့သည်။

အခြေခံပညာအလယ်တန်းအဆင့်(စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး) ဘာသာရပ်ဆိုင်ရာသင်တန်းကို မေ ၂၂ ရက်မှ မေ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းကို သင်တန်းနည်းပြသုံးဦး၊ ကြီးကြပ်သူနှစ်ဦးတို့ဖြင့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား၊သင်တန်းသူ စုစုပေါင်း ၅၈ ဦးတက်ရောက်ကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ သင်တန်းကို မဟာအောင်မြေမြို့နယ် ပညာရေးမှူး ဒေါ်စိုးစိုးနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝ၅၆)

## ရေချွေတာရေး နည်းလမ်းများ

- ✱ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ✱ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ✱ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ✱ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ✱ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။




## ဆေးဖက်ဝင်အပင်များနှင့် ဆေးဘက်အသုံးပြုပုံများအကြောင်း (Talk Show)ကျင်းပ

**တောင်တွင်းကြီး မေ ၂၄**

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ဒေသပေါက်ဆေးဖက်ဝင်အပင်များနှင့် ဆေးဘက်အသုံးပြုပုံများအကြောင်း အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို မေ ၂၁ ရက်က ကျင်းပခဲ့သည်။

ဦးစွာ အသိပညာပေး ဆွေးနွေးပွဲ( Talk Show)တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်အေးမိုးမိုးမြင့်နှင့် တိုင်းရင်းဆေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဦးတို့က ဒေသပေါက်ဆေးဖက်ဝင်အပင်များဖြစ်သည့် ကင်ပွန်းချဉ်ရဲ့ ဆေးအသုံးပြုပုံ၊ ကြောင်ပန်းပင်ရဲ့ဆေးအသုံးပြုပုံ၊ ဆင်တုံးမနွယ်ပင်ရဲ့ ဆေးအသုံးပြုပုံ၊ ရှာစောင်းလက်ပပ်ပင်ရဲ့ ဆေးအသုံးပြုပုံ၊ မြေဆီးဖြူရဲ့ ဆေးအသုံးပြုပုံ စသည့်အချက်များကို အကျယ်တဝင့်အဆွေးနွေးပြောကြားခဲ့သည်။ **(ယာပုံ)**

အဆိုပါ အသိပညာပေးဆွေးနွေးပွဲ(Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက် Page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိဿနိုးမြေ)**

ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့နေ့စဉ်

## စာတော်ပြန်ပွဲ

✱ လနယုန် မေထုန
ကြယ်ဇေဌ စန်းနှင့်ယှဉ်၊
ရာသီခွင် မောင်နံ မခွဲ
ပူးတွဲရပ်သွင်။
စံပယ်နှင့် မြတ်လေးခင်
မွှေးထုံလွင် တင့်ကာဆန်း၊
ဗုဒ္ဓရှင် ကပ်လှူဒါန်း
လရာသီပန်း။

✱ အင်းဝခေတ် သာလွန်မင်း
သူ့လက်တွင်း နှစ်တစ်ထောင်မှာ၊
စာတော်ပြန် ပထမ
ကျင်းပကြတာ။
ဘွဲ့တော်ရ ထေရ်မဟာ
ဝေဖြာစွာ ဂုဏ်အထူး၊
ကပ်လှူကာ လက်ဆယ်ပူး
နိုင်ငံ့ထိပ်ဖူး။

✱ မေထုန်ခေါ် နယုန်လ
မြတ်ဗုဒ္ဓ ဓမ္မခန်း၊
အာဂုံပြန် ပူဇော်ပွဲ
ဆင်နွှဲလေပြန်။

✱ နယုန်လ စာသကြံန်
ချိန်မှန်စွာ ကျင်းပမြဲ၊
မြတ်ထေရ်ရှင် ပါဝင်နွှဲ
စာတော်ပြန်ပွဲ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**





## (၁၆)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၂၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ (၁၆)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်၍ ခုနစ်ရက်တိုင်တိုင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်အုပ်စု၊ ရွှေဂုံပွားရပ်ကွက် ဓမ္မပါလဓမ္မာရုံ၌ မဟာအောင်မြေမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဣစ္ဆာသယကျောင်းတိုက် ဝါခင်းကုန်းကျောင်းဆရာတော်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ဆရာတော်များမှ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၂၄ ရက်မှ မေ ၃၀ ရက်အထိ ခုနစ်ရက်တိုင်တိုင် နေ့၊ ညမပြတ် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။

အဆိုပါ (၁၆)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တရားလွှတ်တော်ရှေ့နေ ဦးစိုးနိုင်နှင့်တာဝန်ရှိသူများ၊ မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ရဲမွန်တောင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်နာယူပူဇော်ခဲ့ကြပြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို မေ ၃၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၅၆)

## မဟာမုနိဘုရားကြီးဘက်စုံပြုပြင်ရန်နှင့် ရွှေစင်ရွှေပြားများ ကပ်လှူရန် ငွေများလှူဒါန်း

**မန္တလေး မေ ၂၄**

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မဟာမုနိဘုရားကြီး ပျက်စီးမှုများအား ရှေးမူမပျက်ပြုပြင်လျက်ရှိရာ မဟာမုနိဘုရားကြီး ရွှေကျောင်းတော်ကြီးအပေါ်ရှိ ထုပိကာတော်တွင် ရွှေစင်ရွှေပြားများ အသစ်ကပ်လှူပူဇော်မည်ဖြစ်သဖြင့် ရွှေချိန်တစ်ကျပ်သား ရှစ်ပဲသားရှိ ကိုးလက်မပတ်လည် ရွှေစင်ရွှေပြား တစ်ချပ်လျှင် ငွေကျပ် သိန်း ၉၀ နှုန်းဖြင့် အလှူရှင် ကမ္မည်းထိုး၍ လှူဒါန်းနိုင်ရာ မေ ၂၂ ရက်က နေပြည်တော်နေ ဦးစိုးသိန်း + ဒေါ်မော်မော်သန်းက ငွေကျပ် သိန်း ၉၀ ကိုလည်းကောင်း၊ ဘက်စုံပြုပြင်ရန်အတွက် ဦးသန်းထွန်း+ ဒေါ်ကြင်ဆွိ မိသားစုက ငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ရန်ကုန်မြို့မှ ဒေါ်ချိုချိုမြင့် မိသားစုက ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဒေါ်လှလှဝင်းမိသားစုက ငွေကျပ် ၁၀ သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့သည်။

မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၊ပြတိုက်များ၊စောင်းတန်းနှင့် မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၄၀၄၄၄၇၅၊ ၀၉-၄၀၂၅၉၉၉၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(အပေါ်ပုံ)

(၀၄၅)



## ဓမ္မဓရ ဝါဆိုကျောင်းသို့ KBZ CENTER MANDALAY မှ ဆန်အိတ် ၁၅၀ လှူဒါန်း



**မန္တလေး မေ ၂၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဓမ္မဓရဝါဆိုကျောင်းသို့ မေ ၂၂ ရက် နံနက်ပိုင်းက KBZ CENTER MANDALAY မှ တာဝန်ရှိသူများသည် ဆန်အိတ် ၁၅၀ ကို သွားရောက်လှူဒါန်းခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းနှင့် ၁၁၀လမ်းထောင့်တွင် ဖွင့်လှစ်ထားရှိသော KBZ CENTER MANDALAY သည် ၂၀၂၅ ခုနှစ်၊ ဖွန် ၁၀ ရက်မှ စတင်ပြီး ငလျင်ဒဏ်ကြောင့် မန္တလေးမြို့ရှိ ပြိုကျပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများ အပါအဝင် ဘာသာရေး အဆောက်အအုံများအတွက် ဘိလပ်မြေအိတ် ၁၃၀၀၀ နှင့် ဆန်အိတ် ၇၀၀၀ တို့ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၇၀)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာစိုက်ထူ

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၂ ရက် နံနက် ၇ နာရီက မဟာအောင်မြေမြို့နယ်၊ ၄၁လမ်းနှင့် ၈၇လမ်းထောင့်၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ၊ အလယ်တန်းကျောင်းအုပ်ကြီးများ၊ မူလတန်းကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာအား စိုက်ထူကြသည်။



ထို့နောက် မဟာအောင်မြေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုးနှင့် ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၀၅၆)

## လောကပါလလူမှုကူညီရေးအသင်း(မန္တလေး) အခမဲ့ကျန်းမာရေး ဆေးပေးခန်းမှ လူနာ ၈၂ ဦးအား ကျန်းမာရေးစောင့်ရှောက်ကုသပေး

**မန္တလေး မေ ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ လမ်း ၆၀၊ ၁၂၈လမ်း လှစ်ထားရှိသော အခမဲ့ကျန်းမာရေး ဆေးပေးခန်းတွင် ယမန်နေ့ နံနက်ပိုင်းက ဆေးပေးခန်းသို့ ပြု ကျန်းမာရေးစောင့်ရှောက်ကုသပေးကြသည်။



ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဆေးခန်းပြ လူနာ ၈၂ ဦးအား လုပ်အားပေးစေတနာဆရာဝန်၊ ဆရာမများက ဆေးကုသခြင်း၊ သွေးပေါင်ချိန်စစ်ဆေးခြင်းများ ဆောင်ရွက်ကြရာ အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

(ဝဲပုံ)

ကျော်မင်းသော်

## ဝင်ငွေနည်းအိမ်ထောင်စုများ စားသောက်ရေး အဆင်ပြေစေရန် ဆန်နှင့် ကြက်ဥများလှူဒါန်း

**ပုဂံ မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ၊ညောင်ဦးဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ယမန်နေ့က ပုဂံမြို့ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတအဖွဲ့က ဆန်နှင့် ကြက်ဥများ လှူဒါန်းခဲ့သည်။

ထိုသို့ ဝင်ငွေနည်းအိမ်ထောင်စုများအတွက် ဆန်နှင့် ကြက်ဥများလှူဒါန်းခြင်းကို မန္တလေးမြို့မှ ဒေါ်စိန်စိန်ဝင်း မိသားစုက ပေးပို့လှူဒါန်းခြင်းဖြစ်ပြီး အလှူရှင်မိသားစုကိုယ်စား ပုဂံမြို့ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော်နှင့် ပရဟိတအဖွဲ့ဝင်များက ပုဂံ-ညောင်ဦးဒေသရှိ ဝင်ငွေနည်းအိမ်ထောင်စု ၁၀၀ အား အိမ်ထောင်စု တစ်စုလျှင် ဆန် တစ်ပြည်နှင့် ကြက်ဥငါးလုံးစီ ပေးဝေ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၄၄၅)



## အခြေခံစားသောက်ကုန်ခြောက်မျိုးအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၌ ပြည်သူ့သက်သာဈေး ဖွင့်လှစ်၍ ယနေ့နံနက်ပိုင်းက အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အခြေခံစားသောက်ကုန်ခြောက်မျိုးအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းနှင့် အသား၊ ငါးဒိုင်များ ပူးပေါင်း၍ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀၀၊ အမဲသား တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၊ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၅၀ နှုန်းဖြင့် ရောင်းချခဲ့ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် ၈၇ ဦးကျော် လာရောက်ဝယ်ယူခဲ့ကြောင်း သိရသည်။ (၄၈၅)

## ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

**မကွေး မေ ၂၄**

၂၀၂၆ ခုနှစ်၊ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီက မကွေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင်လည်းကောင်း၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို မွန်းလွဲပိုင်းက ကွန်ပျူတာတက္ကသိုလ်(မကွေး)၌ ကျင်းပပြုလုပ်ရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ ပြိုင်ပွဲကျင်းပနေမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ သတ်မှတ်စာစစ်ဌာနခန်းမများအလိုက် ကျောင်းသား၊ ကျောင်းသူများက "အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့" အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် စိတ်အေးချမ်းသာစွာ ပါဝင်ယှဉ်ပြိုင်ဖြေဆိုနေမှုနှင့် မွန်းလွဲပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မကွေး)၌ ကွန်ပျူတာပန်းချီပြိုင်ပွဲ ဝင်ရောက်ဖြေဆိုနေကြသော ကျောင်းသား၊ ကျောင်းသူများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးခရိုင်နှင့် မင်းဘူးခရိုင်မှ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၉၃ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မောင်ခိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*





## အခွန်ဆိုင်ရာ အသိပညာပေးလုပ်ငန်း ဆွေးနွေး

**မင်းဘူး မေ ၂၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာအသိပညာပေးလုပ်ငန်းဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းအောင်ကျော်က ပြည်တွင်းအခွန်များဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ ကျသင့်ကုန်သွယ်လုပ်ငန်းခွန်၊ အခွန်အမှတ်တံဆိပ် သတ်မှတ်ချက်၊ ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရာတွင် လိုက်နာရမည့်အချက်များနှင့် အခွန်ပျက်ကွက်မှုများအတွက် ပြစ်ဒဏ်များစသည့် အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားကာ အခွန်ထမ်း လုပ်ငန်းရှင်များ၏ သိရှိလိုသော မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်မောင်(မင်းဘူး)**

## အခြေခံပညာကျောင်းများတွင် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး မေ ၂၄**

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်ချိန်ရောက်ရှိလာပြီးဖြစ်သောကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ အဆင်ပြေ ချောမွေ့စွာ ပညာသင်ကြားနိုင်ရန်အတွက် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် မတ် ၂၃ ရက် နံနက် ၇ နာရီမှစတင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၏ ကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များကောက်ယူပြီး စနစ်တကျစွန့်ပစ်ခြင်း၊ ရေမြောင်းများနှင့် ရေစီးရေလာလမ်းကြောင်းများ ပိတ်ဆို့မှု မရှိစေရန် တူးဖော်ရှင်းလင်းခြင်း၊ ခြင်နှင့် အခြားပိုးမွှားများ ပေါက်ဖွားနိုင်သည့် ရေဝပ်သောနေရာများကို ပိုးသတ်ဆေးဖျန်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**အလင်းသစ်(ချမ်းစည်ပြန်/ဆက်)**

*-*-*-*-*

## မြို့ပြသာယာစိမ်းလန်းစိုပြည်စေရေးအတွက် ပန်းအလှပင်များ မြေချစိုက်ပျိုး

**ပွင့်ဖြူ မေ ၂၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပွင့်ဖြူမြို့အား မြို့ပြအင်္ဂါရပ်နှင့်အညီ အစဉ်အမြဲ သန့်ရှင်းသာယာလှပစေရန်အတွက် ယမန်နေ့က မြို့ပတ်လမ်းဘေး(ဝဲ၊ယာ) တစ်လျှောက် ပန်းအလှပင်များ မြေချစိုက်ပျိုးခဲ့သည်။

ထိုသို့ စိုက်ပျိုးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က မြို့ပြသာယာလှပစိမ်းလန်းစိုပြည်စေရန် မြို့ပတ်လမ်းဘေး(ဝဲ၊ယာ)များတွင် ရောင်စုံစက္ကူပန်းအလှပင် ၆၀ အား စနစ်တကျ မြေချစိုက်ပျိုးခဲ့ကြသည်။ ထို့နောက် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က အမှိုက်သိမ်းယာဉ်ဖြင့် မြို့တွင်းလမ်းများတစ်လျှောက် သန့်ရှင်းသပ်ရပ်စေရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေဆိုးထုတ်မြောင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မြို့တွင်းလမ်းများနှင့် ရပ်ကွက်တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ မြို့ပတ်ဝန်းကျင် သန့်ရှင်းသာယာစိမ်းလန်းစိုပြည်စေရန် ပန်းအလှပင်များ ပျိုးထောင်၍ စနစ်တကျစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြီး ပန်းအလှပင်များ ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



## မြို့နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**မြစ်သား မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် မြစ်သားမြို့နယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန် ရှိသူများသည် မေ ၂၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်က နိုင်ငံတော်မှချမှတ်သည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်အတွင်းရှိ သက်ဆိုင်ရာဌာနဆိုင်ရာများက မိမိတို့ဌာနများ၏ လုပ်ငန်းတာဝန်ဆောင်ရွက်နေမှု အခြေအနေများအား ဌာနတစ်ခုချင်းအလိုက် တင်ပြဆွေးနွေးခဲ့ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံကိန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နီလာအေးတို့က ဆွေးနွေးတင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနအနေဖြင့် ကြိုတင်စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီသီကျော်(ကျောက်ဆည်ခရိုင်)၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံကိန်း ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်နီလာအေး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့ပေါ်(၆)ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

*-*-*-*-*

*-*-*-*-*-*-*

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၄

၂၀၂၆ ခုနှစ် (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားပြီး စုပေါင်းပါဝင်လေ့ကျင့်ခဲ့သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သံရုံးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညိုစောက မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးသောဆက်ဆံရေးကို အခြေပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အကြီးအကဲ၏ ခွင့်ပြုမှုနှင့် အိန္ဒိယသံရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ၌ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တို့တွင် အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားများကို

*စာမျက်နှာ ၅ သို့* ❊



ဒုတိယသမ္မတ ဦးညိုစော (၁၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




## ချင်းသောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သော ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့တို့၌ ပြန်လည်ထူထောင်ရေး ဆောင်ရွက်

## လိုအပ်သော တည်ဆောက်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်

နေပြည်တော် မေ ၂၄

တပ်မတော်က အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့တို့၌ ချင်းသောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအား အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍအလိုက် တာဝန်ရှိသူများစုဖွဲ့၍ နယ်မြေဒေသများအရောက် သွားရောက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၄ သို့* ❑

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## အမျိုးသမီး ချန်ပီယံလိဂ်ဖလား ချန်ပီယံဆုကို ဘာစီလိုနာအသင်း ဆွတ်ခူး

ဘာစီလိုနာ မေ ၂၄

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဥရောပအမျိုးသမီးချန်ပီယံလိဂ်ဖလား ချန်ပီယံဆုကို ဘာစီလိုနာအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် အမျိုးသမီးချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲအဆင့်တွင် လိုင်ယွန်အသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အသင်းသမိုင်းတစ်လျှောက် အမျိုးသမီးချန်ပီယံလိဂ်ဖလား ချန်ပီယံဆုကို ၂၀၂၁၊ ၂၀၂၃၊ ၂၀၂၄နှင့် ယခု ၂၀၂၆ ခုနှစ်တို့တွင် လေးကြိမ်အထိ ဆွတ်ခူးခဲ့သည်။

ဘာစီလိုနာအသင်းသည် အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် လေးကြိမ်အထိဆွတ်ခူးရရှိခဲ့ခြင်းကြောင့် အအောင်မြင်ဆုံးစာရင်းတွင် ဒုတိယနေရာသို့ ရပ်တည်နိုင်ခဲ့သည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အမျိုးသမီးလာလီဂါချန်ပီယံဆု၊ စပိန်ဘုရင်မဖလားချန်ပီယံဆု၊ စပိန်စူပါဖလား ချန်ပီယံဆု၊ ယခုအမျိုးသမီးချန်ပီယံလိဂ်ချန်ပီယံဆု ဆုဖလား လေးလုံးအထိ ဆွတ်ခူးရရှိနိုင်ခဲ့သည်။ **(NGB)**

